ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

ဒုတိယနေ့မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက်**

**( ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက် )**

**[ တနင်္လာနေ့ ]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ ဒုတိယနေ့အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့မှာ လွှတ်တော်အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၈)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၇၇)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၁.၁၉) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း**

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ ဒုတိယနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ**
**ခွင့်ပန်ကြားခြင်း**

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ဖတ်ကြားတင်ပြပါမယ်။

ဦးစိုင်းတင်အောင်၊ ကချင်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခင်မောင်ရီ၊ ဧရာဝတီ(၆)၊ ပြည်ပအစည်းအဝေး။ ဦးကျော်သိန်း၊ မွန်(၄)၊ ကျန်းမာရေး။ ဦးညွန့်တင်၊ ရန်ကုန်(၂)၊ ပြည်ပခရီးစဉ်။ ဦးတင်မောင်ဝင်း၊ မန္တလေး(၃)၊ နယ်မြေဖွံ့ဖြိုးရေး။ ဒေါက်တာလှသိန်း၊ မွန်(၆)၊ အလုပ်ရုံ ဆွေးနွေးပွဲ။ ဦးခင်မောင်ဌေး၊ မန္တလေး(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကြည်ထွန်း၊ မကွေး(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုးမြင့်၊ မကွေး(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးထွန်းဇော်(ခေါ်) ကိုပေါက်၊ ပဲခူး(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဉာဏ်လင်း၊ ရှမ်း(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးနှင်းဝေ၊ ကယား(၁၂)၊ ကော်မတီလုပ်ငန်း။ ဦးစိုးဟန်လင်း၊ ဧရာဝတီ(၁)၊ ပြည်ပခရီးစဉ်။ ဦးလှိုင်ဦး၊ ဧရာဝတီ(၁၂)၊ ကျန်းမာရေး။ ဦးအောင်ချိုဦး၊ ပဲခူး(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောမော်ထွန်း၊ ပဲခူး(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်ရီရီမြင့်၊ မွန်(၁)၊ ပြည်ပခရီးစဉ်။ ဒေါက်တာဝင်းမြင့်အောင်၊ စစ်ကိုင်း(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုးသက်၊ တနင်္သာရီ(၁)၊ ကျန်းမာရေး။ ဦးကော်ရိုင်း၊ ကယား(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဌေးဝင်း၊ ရခိုင်(၇)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးအောင်ကြည်ညွန့်၊ မကွေး(၄)၊ ကျန်းမာရေး။ ဒေါက်တာအေးမောင်၊ ရခိုင်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးပေါလ်ထန်ထိုင်း၊ ချင်း(၃)၊ ကျန်းမာရေး။ ဦးစတီဗင်သာဘိတ်၊ ချင်း(၄)၊ ကျန်းမာရေး။ ဦးဂမ်ဆိုင်း၊ ကချင်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးသိန်းလှိုင်၊ စစ်ကိုင်း(၆)၊ ကော်မတီ အစည်းအဝေး။ ဦးမင်းလွန်းအောင်၊ မွန်(၃)၊ ကော်မတီအစည်းအဝေး။ ဦးမောင်စိန်၊ တနင်္သာရီ(၅)၊ ကော်မတီအစည်းအဝေး။ ဦးစောအုန်း၊ မွန်(၉)၊ မိသားစုကိစ္စ။ ဗိုလ်မှူးအောင်နိုင်ဦး၊ တပ်မတော်၊ တာဝန်။

ဦးထွန်းကျော်၊ ရှမ်း(၁၀)၊ ငြိမ်းချမ်းရေးကိစ္စ။ ဦးဇော်မြင့်ဖေ၊ မန္တလေး(၅)၊ AIPA ညီလာခံ တက်ရန် တို့ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၁၈)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၇)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၃၄)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်းခွင့်ပြုထားသူ (၄၁)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့မေးခွန်းတွေဟာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားဖို့ ဖြစ်ပါတယ်။

**မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ ရွှေချောင်း ကျေးရွာနှင့် မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နယ်၊ လိပ်ကုန်းကျေးရွာနှင့် ပုဇွန်ကုန်းတို့တွင် အငြင်းပွားနေသော မြေနုကျွန်းနယ်နိမိတ် (တိုင်းခြားနယ်နိမိတ်)ကို ၂၀၁၂ ခုနှစ် လယ်ယာမြေ ဥပဒေနှင့်အညီ ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးသော်ဇင်ဦးက မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ ရွှေချောင်း ကျေးရွာနှင့် မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နယ်၊ လိပ်ကုန်းကျေးရွာနှင့် ပုဇွန်ကုန်းကျေးရွာတို့တွင် အငြင်းပွားနေသော မြေနုကျွန်းနယ်နိမိတ် (တိုင်းခြား နယ်နိမိတ်)ကို ၂၀၁၂ ခုနှစ် လယ်ယာမြေ ဥပဒေနှင့်အညီ ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၉။**

**ဦးသော်ဇင်ဦး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ အစည်းအဝေးသို့ တက်ရောက်လာကြတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများ စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းများနှင့် ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသော်ဇင်ဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတဲ့ မေးခွန်းကတော့ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ ကျွဲတဲကျေးရွာအုပ်စု၊ ရွှေချောင်းကြီးကျေးရွာနှင့် မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နယ်၊ သာယာအေးကျေးရွာအုပ်စု၊ လိပ်ကုန်း၊ ပုဇွန်ကုန်းကျေးရွာတို့ အငြင်းပွားနေကြသော မြေနုကျွန်းနယ်နိမိတ် (တိုင်းခြား နယ်နိမိတ်)ကို ၂၀၁၂ ခုနှစ် လယ်ယာမြေ ဥပဒေနှင့်အညီ ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိနဲ့စပ်လျဉ်းတဲ့မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒီကိစ္စနဲ့ ပတ်သက်ပြီးတော့ ပထမအကြိမ် အမျိုးသားလွှတ်တော်၊ အဋ္ဌမပုံမှန်အစည်းအဝေးမှာ ကြယ်ပွင့်ပြမေးခွန်းအနေနဲ့ မေးမြန်းခဲ့တဲ့အခါမှာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးမှ မြစ်ရေကျချိန်တွင် တိုင်းတာပေးရန် ဖြေကြားပေးခဲ့ပါတယ်။ ၎င်းကိစ္စနှင့် ပတ်သက်ပြီး ၁၅-၅-၂၀၁၄ ရက်နေ့မှာ ပခုက္ကူမြို့သို့ မြေတိုင်းဦးစီးဌာန၊ ဦးကျော်ဌေး၊ ဒုတိယညွှန်ကြားရေးမှူး။ အမှတ်(၁)မြေတိုင်းဦးစီးဌာနနှင့်အဖွဲ့ ရောက်ရှိလာခဲ့ပါတယ်။ ၁၆-၅-၂၀၁၄ ရက်နေ့မှာ မြင်းခြံခရိုင်အုပ်ချုပ်ရေးမှူး၊ တောင်သာမြို့နယ် အုပ်ချုပ်ရေးမှူး၊ တောင်သာမြို့နယ် မြေစာရင်းဦးစီးမှူး။ ပခုက္ကူခရိုင်မြေစာရင်းဦးစီးမှူး၊ ပခုက္ကူမြို့နယ်၊ ဒုတိယအုပ်ချုပ်ရေးမှူးတို့မှာ ကွင်းအမှတ်(၃၄၂/င) ရွှေချောင်းရွာ၊ ဝက်တကုန်းကျွန်းခုံမှာ အစည်းအဝေး ပြုလုပ်ကြပြီး အစည်းအဝေးသဘောတူညီချက်အရ ကွင်းများကို စစ်ဆေးတိုင်းတာကြည့်ပြီး အခြားမြို့နယ်များမှ မြေများပါရှိနေသော ကျေးရွာများဘက်မှ ပြန်လည်ပေးအပ်စေ၍ မိမိတို့မြို့နယ် ကွင်းများတွင်သာ စိုက်ပျိုးလုပ်ကိုင်ကြရန် သဘောတူညီခဲ့ကြပြီး၊ ၎င်းနေ့ညနေမှာ ကွင်းဆင်းတိုင်းတာခဲ့ကြရာ

ပခုက္ကူမြို့နယ်ဘက်မှ စိုက်ထားသော အမာခံငုတ် (AEA) ငုတ်(၃)ငုတ်ကို တွေ့ရှိခဲ့ရပါတယ်။ နေပြည်တော် မြေတိုင်းအဖွဲ့မှ ပခုက္ကူမြို့နယ်၊ ကျွဲတဲကျေးရွာ၊ တောင်သာမြို့နယ်၊ သာယာကုန်းကျေးရွာ အကြား (၃၁၅/ခ)ကွင်းမှာ (BP 12 A၊ BP 11 A) ကို တိုင်းတာရှာဖွေ ခဲ့ပါတယ်။ ၁၇-၅-၂၀၁၄ ရက်နေ့မှာ ပခုက္ကူခရိုင်နဲ့ မြို့နယ် မြေစာရင်းဦးစီးဌာန၊ မြင်းခြံခရိုင်၊ တောင်သာမြို့နယ် မြေစာရင်းဦးစီးဌာနတို့နှင့် (၃၄၂/င) ဝက်တကုန်းကျွန်းတွင် တိုင်းတာခဲ့ပြီး၍ တောင်သာမြို့နယ်၊ ဗုဒ္ဓကုန်း လိပ်ကုန်း တောင်သူများ၊ ပခုက္ကူမြို့နယ်၊ ဝက်တကုန်းကျွန်းမှ (၃၄၂/င) (BP 12 A၊ BP 11 A) ငုတ်တိုင်းအမှတ်အသားများ စိုက်ရန် နေရာများကို ရှာဖွေတွေ့ရှိခဲ့ပါတယ်။

ယခင် ၂၃-၆-၂၀၁၂ ခုနှစ်တွင်လည်း မြေတိုင်းဦးစီးဌာန ရုံးချုပ်က နှစ်ဘက်မြို့နယ် အုပ်ချုပ်ရေးမှူးများ၊ ခရိုင်/မြို့နယ်မြေစာရင်းဌာန အရာရှိများ၊ ဝန်ထမ်းများ လိုက်ပါလျက် (GPS) စနစ်ဖြင့် တိုင်းကြားနယ်နိမိတ်ကို တိုင်းတာပြီး ငုတ်စိုက်ပေးခဲ့ပါတယ်။ ၁၈-၅-၂၀၁၄ နေ့မှာ နေပြည်တော် မြေတိုင်းအဖွဲ့မှ ရှာဖွေတွေ့ရှိခဲ့သော မြေနေရာအား နှစ်ဖက်ကျေးရွာများမှ ကျေနပ်သဘောတူပြီး (၃၁၅/ခ) ကွင်း နှင့် လိပ်ကုန်းကွင်းကို ပခုက္ကူမြို့နယ်၊ ကျွဲတဲကျေးရွာဘက်မှ (BP 12 A) ငုတ်စိုက်ခဲ့ပြီး၊ တောင်သာမြို့နယ်၊ သာယာကုန်းကျေးရွာမှ (BP 11 A) ငုတ်စိုက်ခဲ့ပါတယ်။ (၃၄၂/င)ပခုက္ကူမြို့နယ်၊ ဝက်တကုန်းကျွန်းကို တောင်သာမြို့နယ်မှ ကျူးကျော်စိုက်ပျိုးနေသည်ကို တွေ့ရှိနေပါလျက် တွေ့ရှိချက်ကို လျစ်လျူရှုပြီး နှစ်ဘက်ညှိနှိုင်းရန် တောင်းဆိုလာပါသဖြင့် ပခုက္ကူမြို့နယ်ဘက်မှ သဘောတူညီမှုမရှိ၍ မြေတိုင်းတာခြင်းလုပ်ငန်းများ ရပ်ဆိုင်းပြီးဆုံးသွားခဲ့ရပါတယ်။ ၂၀-၅-၂၀၁၄ ရက်နေ့မှာ မန္တလေးတိုင်းဒေသကြီး တာဝန်ရှိသူများနှင့် မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့မှ တာဝန်ရှိသူများ အစည်းအဝေးပြုလုပ်၍ မြေတိုင်းတာခြင်းကိစ္စ ညှိနှိုင်းကြရာ ပြေလည်မှု မရရှိခဲ့ပါသဖြင့် နှစ်ဘက်တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ထံ တင်ပြရန် ဆုံးဖြတ်ပြီး မြေတိုင်းတာခြင်းကိစ္စရပ်များကို ရပ်ဆိုင်းပြီးဆုံးခဲ့ပါတယ်။

၎င်းဖြစ်စဥ်များကို လေ့လာသုံးသပ်ပါက လွန်ခဲ့သော (၆)နှစ်ခန့်မှစ၍ ယနေ့အချိန်အထိ ပခုက္ကူမြို့နယ် မိမိတို့ ကျေးရွာတောင်သူများမှ တာဝန်ရှိသူများ၏ ဆောင်ရွက်ချက်များကို လေးစားလိုက်နာဆုံးရှုံးခံထားသော်လည်း တောင်သာမြို့နယ်ဘက်မှ တောင်သူများ ကျူးကျော်စိုက်ပျိုးနေမှုန်း သိလျက်နှင့် ဥပဒေအရ အရေးယူဆောင်ရွက်ခြင်းကို မျက်ကွယ်ပြု၍ တစ်ဖက်သတ် ကျူးကျော်နေမှုကို ဆက်လက်ညှိနှိုင်း အတည်ပြုပေးရန် တောင်းဆိုလာခြင်းသည် အမှန်တရားကို ပစ်ပယ်နေပြီး ၂၀၁၂ ခုနှစ်၊ ဗဟိုမြေစာရင်းဌာန တိုင်းတာပေးမှုကိုလည်း မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်မှ ကန့်ကွက်ခြင်းတို့ကြောင့် ဥပဒေနှင့်ညီညွတ်၍ မှန်ကန်သော ဆုံးဖြတ်ချက် မရရှိလာပါသဖြင့် မရရှိခဲ့ပါ။ ၂၀၁၄ ခုနှစ်တွင် သက်ဆိုင်ရာ ပြည်ထောင်စုအစိုးရအဖွဲ့မှ မြေတိုင်းတာရန် စီစဥ်ပေးသော ဥပဒေနှင့်အညီ အမှန်တရား ရှာဖွေခြင်းကို အလေးမထား ကန့်ကွက်နေခြင်းသည် နိုင်ငံတော်၏ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကို မျက်ကွယ်ပြုရာ ရောက်ရှိနေပါသဖြင့် မေးမြန်းလိုသည်မှာ မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နယ်၊ သာယာအေးကျေးရွာအုပ်စု၊ ပုဇွန်ကုန်း၊ လိပ်ကုန်းကျေးရွာများနှင့် မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ ကျွဲတဲကျေးရွာအုပ်စု၊ ရွှေချောင်းကျေးရွာတို့ရဲ့ မြေတိုင်းတာမှုကိစ္စအား ၂၀၁၂ ခုနှစ်၊ ဗဟိုမြေစာရင်းအဖွဲ့မှ လာရောက်တိုင်းတာပေးသော GPS စနစ်အတိုင်း တိုင်းခြား၊ မြို့နယ်ခြား နယ်နိမိတ်တိုင်းတာ သတ်မှတ်ပေးရန် အစီအစဥ် ရှိ/မရှိနှင့် အစီအစဥ်ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် ဒေသခံပြည်သူများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။

**မိတ္ထီလာမြို့နယ်၊ ကန်သာကျေးရွာအုပ်စုရှိ ဆောင်းကြက်သွန်စိုက် တောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးစိုးအောင်က မိတ္ထီလာမြို့နယ်၊ ကန်သာကျေးရွာ အုပ်စုရှိ ဆောင်းကြက်သွန်စိုက် တောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၅။**

**ဦးစိုးအောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)။** ။ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာသော ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့်တကွ ဖိတ်ကြားထားသော ဧည့်သည်တော်များ အားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း မင်္ဂလာပါလို့ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးစိုးအောင် ဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ မိတ္ထီလာမြို့နယ်၊ ကန်သာကျေးရွာအုပ်စုရှိ ဆောင်းကြက်သွန်စိုက် တောင်သူများအား စိုက်ပျိုးစရိတ် ထုတ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ မိတ္ထီလာမြို့နယ်၊ ကန်သာ ကျေးရွာအုပ်စုမှာ မိတ္ထီလာ-မန္တလေးကားလမ်းကြီးပေါ်တွင် တည်ရှိပြီး မိတ္ထီလာမြို့မှ (၉)မိုင်ခန့် ကွာဝေးပါတယ်။ အရှေ့ဘက်နှင့် တောင်ဘက်တွင် သာစည်မြို့နယ်၊ အနောက်ဘက်တွင် ညောင်ကန်အုပ်စု၊ မြောက်ဘက်တွင် ဆယ်ကုန်းအုပ်စုတို့အကြားတွင် တည်ရှိပါတယ်။ ကျေးရွာပေါင်း(၇)ရွာနှင့် စက်မှုဇုန်(၁)ဇုန်ပါရှိပါတယ်။ ကန်သာအုပ်စုတွင် အိမ်ထောင်စုပေါင်း (၁၈၂၇)စုရှိပြီး၊ အိမ်ထောင်စုပေါင်း (၁၃၆)စုမှာ အရောင်းအဝယ်လုပ်ငန်း၊ (၆၂၂)စုမှာ စက်မှုလုပ်ငန်းလုပ်ကိုင်ပြီး အိမ်ထောင်စုအများစုဖြစ်သော (၁၀၆၉)စုမှာ စိုက်ပျိုးရေးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုလျက်ရှိကြောင်း သိရှိရပါတယ်။ ကန်သာကျေးရွာအုပ်စုတွင် လယ်စိုက်ဧရိယာ (၂၃၁၀)ဧကခန့်ရှိပါတယ်။ စပါးစိုက်ခြင်းနှင့် ဆောင်းသီးနှံဖြစ်သော ကြက်သွန်စိုက်ပျိုးခြင်းဟု (၂)မျိုးရှိပါတယ်။ ဆည်ရေသောက်ဧရိယာမှာ (၆၇၈)ဧကရှိပြီး၊ ကျန်ဧကဖြစ်သော (၁၆၃၂)ဧကမှာ မိုးကောင်းရေသောက်ဖြစ်ပါတယ်။ မိုးခေါင်ရေရှားရပ်ဝန်းဒေသဖြစ်သောကြောင့် မိုးကောင်းရေသောက်စိုက်ခင်းများမှာ စပါးအောင်ခြင်း နည်းပါးပြီး စရိတ်ရှုံးသော နှစ်များသာ များခဲ့ပါတယ်။

သို့ဖြစ်ပါ၍ မိုးကောင်းရေသောက်ဧက လယ်ဧရိယာ၏ ထက်ဝက်ခန့်ရှိသော ဧက(၈၀၀) လောက်မှာ ရေပေးရမှုနည်းပါးပြီး သေချာသော ဆောင်းကြက်သွန်အား အားပြုစိုက်ပျိုးလျက်ရှိကြပါတယ်။ ယခုအခါတွင် ကန်သာအုပ်စုတွင် မိုးစပါးစိုက်ပျိုးသူနှင့် ဆောင်းသီးနှံ ကြက်သွန်စိုက်ပျိုးသူဟူ၍ တောင်သူ(၂)စား ရှိလာပါတယ်။ စပါးတစ်ဧက စိုက်လျှင် စပါးကျီထဲ စပါးရောက်သည်အထိ ကုန်ကျငွေမှာ (၉၇၀၀၀)ကျပ်ခန့်ရှိပြီး စပါး(၈၀)တင်းထွက်လျှင် ယနေ့ပေါက်ဈေးနှင့် (၄)သိန်းခန့်ရရှိမှာ ဖြစ်ပါတယ်။

နိုင်ငံတော်မှ စိုက်ပျိုးစရိတ်ချေးငွေ တစ်ဧက(၁)သိန်းခန့် ထုတ်ချေးပြီး၊ ဆည်ရေသောက် ဖြစ်သော စပါးစိုက်ဧက (၆၇၈)ဧကအတွက်သာ ရရှိပါတယ်။ ကြက်သွန်တစ်ဧက စိုက်မယ်ဆိုရင် ရေတွင်း၊ ရေစုပ်စက်၊ ရေတင်ခရ တန်ဘိုးငွေအားဖြင့် (၆)သိန်းခွဲခန့်ရှိပြီး၊ စိုက်စရိတ်၊ တူးပြီး အိမ်ရောက် သည်အထိ ငွေ(၈)သိန်း ကျပ်ခန့် ကုန်ကျမှာ ဖြစ်ပါတယ်။ လက်ရှိအထွက်နှုန်းဖြင့် တွက်ကြည့်လျှင် ပိဿာချိန် (၆၀၀)ခန့် ထွက်ရှိကြောင်း သိရှိရပါတယ်။ လက်ရှိပေါက်ဈေး(၃၅၀)ကျပ်ခန့် ရှိပြီး (၂၁)သိန်းခန့် ရရှိမှာ ဖြစ်ပါတယ်။

ကန်သာအုပ်စု၏ ကြက်သွန်စိုက်နှုန်းမှာ နှစ်စဉ်(၆၀၀)ဧကနှင့် အထက်ရှိပြီး၊ ကြက်သွန် ထွက်နှုန်းမှာလည်း ပိဿာချိန်(၃၆)သိန်း ခန့် ထွက်ရှိကြောင်း သိရှိရပါတယ်။ ဤကဲ့သို့ စိုက်အားနှင့် ထွက်အားကောင်းမွန်လှသော်လည်း ကိုယ်ပိုင်အရင်းမရှိသောကြောင့်လည်းကောင်း၊ မြင့်မားသော အတိုးနှုန်း၊ ကြက်သွန်ပေါ်ပေး၊ မြေဩဇာနှင့် ဆေးများ၏ မြင့်မားလှသော ဈေးနှုန်းများကြောင့် လည်းကောင်း ကြက်သွန်စိုက်တောင်သူများအနေဖြင့် အကျိုးရှိတန်သလောက် မရှိဘဲ ဖြစ်နေပါတယ်။

သို့ဖြစ်ပါ၍ နိုင်ငံတော်အနေနှင့် ကန်သာကျေးရွာအုပ်စုရှိ ကြက်သွန်စိုက်တောင်သူများအား ဆောင်းကြက်သွန် စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ပေးနိုင်ပါရန် အထူးလိုအပ်လျက်ရှိကြောင်း သိရှိရပါတယ်။ ဖော်ပြပါ ဆောင်းကြက်သွန်စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ပေးပါရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါသဖြင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၁။**

**ဦးခင်ဇော် (ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့် ဒုတိယဝန်ကြီးများ၊ ဧည့်သည်တော်ကြီးများအားလုံးကို မင်္ဂလာပါလို့ ကျွန်တော် နှုတ်ခွန်းဆက်ဂါရဝပြု အပ်ပါတယ်။ ကျွန်တော်ကတော့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးခင်ဇော် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး ရဲ့ မေးမြန်းချက်အပေါ်မှာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနကိုယ်စား ကျွန်တော် တစ်ခုချင်း ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ပထမဦးစွာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသော်ဇင်ဦး ရဲ့ မေးခွန်းနဲ့ပတ်သက်ပြီးတော့ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်တော်ကြီးရဲ့ မေးခွန်းနဲ့စပ်လျဉ်း၍ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ် ကျွဲတဲကြီးကျေးရွာအုပ်စုနှင့် မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နယ် သာယာအေး ကျေးရွာ အုပ်စုတို့အကြား စတင်ခဲ့သည့် တိုင်းခြားမြေနုကျွန်း အငြင်းပွားမှုအား ဆုံးဖြတ်ပေးမှုမရှိဘဲ ကြန့်ကြာနေသည့်အတွက် မည်သည့်အချိန်ကာလတွင် မည်သို့ပြီးပြတ်အောင် ဆောင်ရွက်မည်ကို

သိရှိလိုသည့် မေးခွန်းအား ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးတွင်မေးမြန်းခဲ့ပြီး ဖြစ်၍ အဆိုပါမေးခွန်းအပေါ် အတည်ပြုပြဋ္ဌာန်းပြီးဖြစ်သည့် ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်စွာ မကွေးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နှင့် မန္တလေးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့များမှ သက်ဆိုင်ရာတိုင်းဒေသကြီး အစိုးရအဖွဲ့များ၏ ကြီးကြပ်မှုဖြင့် ညှိနှိုင်းဖြေရှင်း ဆုံးဖြတ်ကြရန် ဖြစ်ကြောင်း ဖြေကြားခဲ့ပြီး ဖြစ်ပါတယ်။

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အနေဖြင့် ၁၉-၈-၂၀၁၄ ရက်စွဲပါစာအမှတ်၊ ၁၂/လယ-၃၅(၁၃၉/၂၀၁၄) ဖြင့် ၂၀၁၂ ခုနှစ် လယ်ယာမြေနည်းဥပဒေ ၁၁၀ ပါ ပြဋ္ဌာန်းချက်အတိုင်း မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များ ပူးပေါင်းပါဝင်သော အဖွဲ့ဖြင့် ပခုက္ကူမြို့နယ်နှင့် တောင်သာမြို့နယ်တို့၏ နှစ်စဥ် မြေနုကျွန်းအငြင်းပွားသည့် နေရာများအား အုပ်ချုပ်ရေးနယ်နိမိတ်ကို ခေတ်မီမြေတိုင်းကိရိယာများဖြင့် စနစ်တကျ တိုင်းတာမှတ်တမ်းတင်၍ မြို့နယ်အုပ်ချုပ်ရေးမှတ်တိုင်များ သတ်မှတ်စိုက်ထူပြီး မြေနုကျွန်းမြေများ ခွဲဝေချထားဆောင်ရွက်ရန်၊ အုပ်ချုပ်ရေးမှတ်တိုင်သတ်မှတ်စိုက်ထူရန်အခက်အခဲရှိမှသာ ယခင်သတ်မှတ်ခဲ့သော မြေပြင်အမာခံ အမှတ်အသားများအရ တိုင်းတာရေးဆွဲဖော်ပြထားသည့် အမျှော်မျဥ်းကြောင်း နယ်နိမိတ် အမှတ်အသား များဖြင့် အမျှော်မျဥ်းကြောင်းအတိုင်း ခွဲခြားဆောင်ရွက်သွားရန်နှင့် ထိုသို့ဆောင်ရွက်ရာတွင် နယ်မြေ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် သက်ဆိုင်လာပါက လယ်ယာမြေ နည်းဥပဒေ ၁၁၁ ပါ ပြဋ္ဌာန်းချက်အတိုင်း သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့များသို့ တင်ပြဆောင်ရွက်သွားရန် မန္တလေး နှင့် မကွေးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့များသို့ အကြောင်းကြားထားရှိပြီး ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ လက်ရှိအချိန်တွင် အငြင်းပွား မြေနုကျွန်းမြေသည် ဧရာဝတီမြစ်ရေ ဖုံးလွှမ်းလျက်ရှိပြီး လုပ်ပိုင်ခွင့် ချထားပေးရေးအတွက် ရေကျချိန်မှသာ သက်ဆိုင်ရာတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့များမှ သက်ဆိုင်ရာတိုင်းဒေသကြီး အစိုးရအဖွဲ့များ၏ ကြီးကြပ်မှုဖြင့် မြေပြင်အခြေအနေတိုင်းတာ ညှိနှိုင်းဖြေရှင်းဆုံးဖြတ်ဆောင်ရွက်နိုင်မည့် အခြေအနေရှိကြောင်း တင်ပြမှု များအရ သိရှိရပါတယ်။ အုပ်ချုပ်ရေးဆိုင်ရာ တိုင်းနယ်နိမိတ်၊ တိုင်းတာ သတ်မှတ်ခြင်းကို ဆောင်ရွက်ရန် အတွက် မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့များမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေး နှင့် သစ်တောရေးရာဝန်ကြီးဌာန၊ မြေတိုင်းဦးစီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်သွားရမည်ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်တော်ကြီး၏ မေးမြန်းချက်တွင် ဖော်ပြပါရှိသည့် မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့အကြားရှိ မြေနုကျွန်းလုပ်ပိုင်ခွင့်အငြင်းပွားမှုနှင့် စပ်လျဥ်း၍ အတည်ပြု ပြဋ္ဌာန်းပြီးဖြစ်သည့် ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက် များနှင့် ညီညွတ်စွာ မကွေးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နှင့် မန္တလေးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များမှ သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၏ ကြီးကြပ်မှုဖြင့် မြေပြင်ပကတိ ဖြစ်ပေါ်နေသည့်အခြေအနေအပေါ် ညှိနှိုင်းဖြေရှင်းဆုံးဖြတ် ဆောင်ရွက်ကြရမည့်ကိစ္စ ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယမေးမြန်းချက်ဖြစ်တဲ့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုးအောင် ရဲ့ မေးမြန်းချက်ကို ကျွန်တော် ဆက်လက်ရှင်းလင်းဖြေကြားမှာဖြစ်ပါတယ်။ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်အနေဖြင့်

နိုင်ငံတော်၏ အဓိကသီးနှံဖြစ်သော စပါးသီးနှံထုတ်လုပ်မှုချေးငွေကို ဦးစားပေးထုတ်ချေးပေးလျက်ရှိပါတယ်။ အဓိကစပါးသီးနှံတစ်ဧက ချေးငွေနှုန်းထားကိုလည်း ၂၀၁၀ မိုးတွင်းကျပ် နှစ်သောင်းနှုန်းမှ ယခုအချိန်တွင် ကျပ် တစ်သိန်းနှုန်းအထိ တိုးမြှင့်ထုတ်ချေးပေးလျှက်ရှိပါသည်။ အခြားသီးနှံများ စိုက်ပျိုးထုတ်လုပ်မှု ချေးငွေအနေဖြင့် ဆီထွက်သီးနှံများဖြစ်သော မြေပဲ၊ နှမ်း၊ ဆီမုန်ညင်း နှင့် ပဲမျိုးစုံ၊ အစေ့ထုတ်ပြောင်း၊ စက်မှုကုန်ကြမ်းသီးနှံများဖြစ်သည့် ချည်မျှင်ရှည်ဝါ၊ ဂုန်လျှော်အစရှိသည့် ချေးငွေများအတွက် တစ်ဧကလျှင် ကျပ်နှစ်သောင်းနှုန်း၊ ချက်ကြံတစ်ဧကလျှင် ကျပ်တစ်သိန်းနှုန်းဖြင့် ထုတ်ချေးပေးလျက် ရှိပါတယ်။ တစ်နိုင်ငံလုံးအနေဖြင့် လွှမ်းခြုံမှုရှိသည့် အဓိကသီးနှံဖြစ်သော စပါးသီးနှံ၊ ဆီထွက်သီးနှံနှင့် စက်မှုကုန်ကြမ်းသီးနှံတို့အား အဓိက ဦးစားပေး ထုတ်ချေးပေးနေပါတယ်။

ကြက်သွန်စိုက်ပျိုးထုတ်လုပ်မှုအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အနှံ့တစ်နိုင်ငံလုံး လွှမ်းခြုံမှုမရှိသေးသော စားဖိုဆောင်သီးနှံအမယ်ဖြစ်၍ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသည့် သီးနှံအမျိုးအစား သတ်မှတ်ချက်တွင် မပါဝင်ခြင်းကြောင့် ကြက်သွန်နီစိုက်တောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးရန် လောလောဆယ်တွင်အစီအစဥ် မရှိသေးပါကြောင်း၊ သို့ရာတွင် ကြက်သွန်စိုက်ပျိုးသော တောင်သူများအနေဖြင့် သမဝါယမဝန်ကြီးဌာနမှ သတ်မှတ်သည့် စည်းကမ်းချက်များနှင့်အညီ ချေးငွေရရှိရေး သက်ဆိုင်ရာ သမဝါယမဦးစီးဌာနနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၂၈။**

**ဥက္ကဋ္ဌ**။ ။ ကျွန်တော်တို့ဒီလွှတ်တော်မှာ မေးခွန်းမေးတဲ့အခါမှာ သက်ဆိုင်ရာ တိုင်းဒေသကြီးအချင်းချင်း ညှိနှိုင်းဆောင်ရွက်ရမယ့်ကိစ္စဆိုရင်လည်း ပြည်ထောင်စုအစိုးရအဖွဲ့က သက်ဆိုင်ရာတိုင်းဒေသကြီးကို ဒီမေးခွန်း ပို့ဖို့လိုပါတယ်။ ပို့ပြီးတော့ ဘယ်လိုလုပ်မှာလဲ ဆိုတဲ့ အဖြေဆုံးအောင် တောင်းဆိုပြီးတော့မှ ပြန်တင်ပြရင်ကောင်းပါတယ်။ အဲဒီလိုမေးနေလို့ ဥပဒေအရ သတ်မှတ်တဲ့ (၁၄)ရက်အတွင်းမဖြေနိုင်ပါဘူးဆိုလည်း ကျွန်တော်စောင့်ပေးပါမယ်။ ပြည့်စုံတဲ့၊ ဆုံးတဲ့ အထိအောင်ပေါ့နော်။ အဲဒီတော့ တစ်ခုပြောချင်တာက တိုင်းဒေသကြီး/ပြည်နယ်တွေကို လွှဲထားတယ် ဆိုသော်လည်း ပြည်ထောင်စုအစိုးရအဖွဲ့အနေနဲ့ ကြီးကြပ်စစ်ဆေးဖို့တော့ ရှိပါတယ်။ အထူးသဖြင့်တော့ မြေစာရင်းဦးစီးဌာနနဲ့ပတ်သက်လို့ မြေပုံမြေပြင် မမှန်ကန်ဘူးဆိုသော်လည်း မှန်ကန်တဲ့ဟာကို မမှန်ကန်အောင် လုပ်နေတဲ့ကိစ္စတွေလည်းတွေ့ပါတယ်။ ကျွန်တော် ဟိုတစ်နေ့က ဒုတိယဝန်ကြီးကို ပြောသလိုပဲ ကျောက်ဆည်ကန်နဲ့ပတ်သက်လို့ ပျော်ဘွယ်မြို့နယ်က ကျောက်ဆည်ပါ။ ကန်ဧရိယာ အတွင်းမှာ ပုံစံ(၇)တွေ ထုတ်ပေးထားတယ်။ ဒီကန်ဧရိယာကို ထိန်းသိမ်းဖို့က ဘယ်သူ့မှာ တာဝန်ရှိသလဲ ဆိုတော့ မြေကိုထိန်းသိမ်းဖို့က မြေစာရင်းမှာပဲ တာဝန်ရှိပါတယ်။ တာဝန်ရှိတဲ့မြေစာရင်းက အစိုးရရဲ့ မြေကို၊ ဒီကန်မြေကို ပုံစံ(၇)ထုတ်ပေးတယ်ဆိုရင် ဝန်ကြီးဌာနအနေနဲ့မိမိဝန်ထမ်းဖြစ်တဲ့အတွက် အရေးယူဆောင်ရွက်ပေးဖို့တော့ လိုပါတယ်။ ပြီးလို့ရှိရင် ထုတ်ပေးမိတဲ့အတွက်၊ နစ်နာသွားတဲ့အတွက် လယ်သမားတွေအတွက်လည်း ဖြေရှင်းဖို့တော့လိုပါလိမ့်မယ်။ ဆိုတော့ အဲဒီလိုကိစ္စတွေဟာ ကျွန်တော်တို့ ဆီမှာ တော်တော်များများဖြစ်နေတယ်။ ဒီမြေစာရင်းနဲ့ပတ်သက်လို့ မြို့နယ်မြေစာရင်းဦးစီးမှူးတွေ ရဲ့လုပ်ဆောင်ချက်တွေကို Good Governance ဖြစ်အောင်ပေါ့နော်၊ ဒါတွေ ဆောင်ရွက်ပေးဖို့ လိုပါတယ်။ ဒါပထမမေးခွန်းနဲ့ ပတ်သက်လို့ပါ။

ဒုတိယမေးခွန်းနဲ့ပတ်သက်လို့ကတော့ ကျွန်တော်တို့နိုင်ငံတော်မှာ ရေမြေသဘာဝအမျိုးမျိုး ရှိပါတယ်။ လယ်ပဲစိုက်လို့ရတဲ့ဒေသတွေရှိသလို လယ်လုံးဝစိုက်လို့မရဘဲနဲ့တောင်ယာပေါ့နော်။ ယာပဲ စိုက်လို့ရတဲ့ ဒေသတွေလည်းရှိနေပါတယ်။ ယာပဲစိုက်လို့ရတဲ့ဒေသတွေမှာ လုပ်နေရတဲ့ တောင်သူတွေ အနေနဲ့လည်း ဥပမာ ဝါတို့၊ ကြက်သွန်တို့ စသည်ဖြင့်အမြောက်အမြားရှိမှာပေါ့။ ဒါဝန်ကြီးဌာနက ပိုသိပါတယ်။ သူတို့မှာလည်း အရင်းအနှီးကလိုပါတယ်။ သူတို့ပစ္စည်းတွေကလည်း နောင်ကျတော့ Export quality ဖြစ်နိုင်တယ်။ တိုင်းပြည်ရဲ့ဝင်ငွေတွေတိုးလာနိုင်တယ်။ သူက Essential မဟုတ်တောင်မှပဲ တခြားနည်းလမ်းနဲ့တိုင်းပြည်ရဲ့ ဝင်ငွေတွေတိုးလာနိုင်တဲ့အတွက် ဒါကတော့ နိုင်ငံတော်အနေနဲ့ စဉ်းစားသင့်ပြီလို့ ယူဆပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းမယ့် မေးခွန်းတွေ ဟာ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားဖို့ ဖြစ်ပါတယ်။

**သံတောင်ကြီးမြို့နယ်အတွင်းရှိ မြို့(၄)မြို့ အတွက် သောက်သုံးရေ ဖူလုံစွာဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၀။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးစောတော်ပလဲ က သံတောင်ကြီးမြို့နယ်အတွင်းရှိ မြို့(၄)မြို့အတွက် သောက်သုံးရေဖူလုံစွာဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၁။**

**ဦးစောတော်ပလဲ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ ဂါရဝပြု နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစောတော်ပလဲ ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့်မေးခွန်းက သံတောင်ကြီးမြို့နယ် အတွင်းရှိ မြို့(၄)မြို့ အတွက် သောက်သုံးရေဖူလုံစွာဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းပဲ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ သံတောင်ကြီးမြို့နယ်မှာ သံတောင်ကြီး၊ သံတောင်၊ ဘောဂလိ၊ လိပ်သို စတဲ့ မြို့လေးမြို့ရှိပါတယ်။ ဒီမြို့တွေကို စတည်တုန်းက ရွာကြီးသာသာလောက်ပဲ ရှိပြီးတော့ တောင်ကုန်းတွေပေါ်မှာတည်ထားပါတယ်။ သူတို့သောက်သုံးဖို့ရေဟာ ဒီလျှိုမြောင် တွေထဲက စိမ့်စမ်းရေကိုပဲ အားကိုးအားထားပြုပြီးတော့ သောက်သုံးရေ ရရှိကြပါတယ်။ ဒါပေမဲ့ ကြာလာတော့ မြို့အဆင့်လည်းတိုးမြှင့်လာရော လူနေအိမ်ခြေလည်း တိုးပွားလာတယ်။ လူဦးရေ တိုးပွားလာတဲ့အတွက်ကြောင့် သောက်သုံးရေ ဖူလုံမှုမရှိတော့ပါဘူး။ အထူးသဖြင့် သံတောင်ကြီးမြို့မှာ

တောင်စခန်းမြို့ဖြစ်ပြီးတော့ နွေရာသီအချိန်မှာ ဧည့်သည်တွေ တော်တော်များများလာလည်၊ လည်ပတ်အနားယူကြတဲ့ မြို့ဖြစ်တယ်။ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းအတွက် အင်မတန် အလားအလာကောင်းတဲ့ မြို့လည်း ဖြစ်ပါတယ်။ ဒါပေမဲ့ နွေရာသီမှာရေရှားပါးမှုကြောင့် ဒီဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆောင်ရွက်နိုင်ခြင်း မရှိဘူးလို့ သိရပါတယ်။ အဲဒီတော့ ဒီမြို့လေးမြို့မှာ ဒီနွေရာသီရေရှားပါးမှု ဖြစ်တဲ့အတွက်ကြောင့် မြို့သူမြို့သားတွေ၊ ပြည်သူတွေက ကိုယ်ထူကိုယ်ထစနစ်ဖြင့်သော်လည်းကောင်း၊ အခြားအဖွဲ့အစည်းရဲ့အကူအညီဖြင့်သော်လည်းကောင်း၊ ရေရရှိရေးအတွက်ဆောင်ရွက်ကြသော်လည်း တစ်နေ့တခြားလူဦးရေတိုးပွားလာတဲ့အတွက် နွေရာသီအချိန်မှာ အင်မတန်ဒုက္ခရောက်ကြပါတယ်။ အဲဒါကြောင့်မို့လို့ ပြည်သူများရဲ့ကိုယ်စား မေးမြန်းလိုတာက သံတောင်ကြီးမြို့နယ် အတွင်းမှာရှိသော သံတောင်ကြီးမြို့၊ သံတောင်မြို့၊ လိပ်သိုမြို့နှင့် ဘောဂလိမြို့များအတွက် သောက်သုံးရေဖူလုံစွာရရှိရန် နိုင်ငံတော်မှစီစဉ်ဆောင်ရွက်ပေးနိုင်မည့် အစီအစဉ် ရှိ/ မရှိ။ (၂) စီစဉ်ဆောင်ရွက်ပေးနိုင်ပါက ၂၀၁၅/၂၀၁၆ ဘဏ္ဍာရေးနှစ်မှစ၍ စီစဉ်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/ မရှိ သိရှိလိုပါကြောင်း ပြည်သူများရဲ့ကိုယ်စား အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာတင်ပြမေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်

**မင်းတပ်-ကန်ပက်လက် ကားလမ်းမကြီး ချီချောင်းတံတားအနီးလမ်းခွဲမှ ပူကွန်းရွာ၊ မဒပ်ရွာ၊ ပွေးရွာကို ဖြတ်ပြီး ကြာအိမ်နူးရွာအထိ ဆိုင်ကယ်လမ်းအရှည် (၁၈)မိုင်အား (၁၆)ပေ တစ်ကြောင်းထိုးကားလမ်း ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဟာရှိန်းဘွေ က မင်းတပ်-ကန်ပက်လက် ကားလမ်းမကြီး ချီချောင်းတံတားအနီးလမ်းခွဲမှ ပူကွန်းရွာ၊ မဒပ်ရွာ၊ ပွေးရွာကို ဖြတ်ပြီး ကြာအိမ်နူးရွာအထိ ဆိုင်ကယ်လမ်းအရှည် (၁၈)မိုင်အား (၁၆)ပေ တစ်ကြောင်းထိုးကားလမ်း ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၄။**

**ဦးဟာရှိန်းဘွေ၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်တဲ့အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကော်မရှင်အဖွဲ့ဝင်များနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ရှေးဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဟာရှိန်းဘွေ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးမယ့်ကြယ်ပွင့်ပြမေးခွန်းကတော့ မင်းတပ်-ကန်ပက်လက် လမ်းမကြီး ချီချောင်းတံတားအနီးလမ်းခွဲမှ ပူကွန်းရွာ၊ မဒပ်ရွာ၊ ပွေးရွာကို ဖြတ်၍ ကြာအိမ်နူးရွာအထိ ဆိုင်ကယ်လမ်းအရှည် (၁၈)မိုင်အား တစ်ကြောင်းထိုး(၁၆)ပေ ကားလမ်းအဖြစ် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်ပါလမ်းသည် မင်းတပ်မြို့၏ တောင်ဖက်ခြမ်းတိုက်နယ်အမှတ်(၄)ရဲ့ ကားလမ်းဖောက်လုပ်ရန် ကျန်နေသေးသည့် လမ်းတစ်လမ်း ဖြစ်ပါတယ်။ မရှိယောအုပ်စု(၁၁)ရွာနှင့် မဒပ်အုပ်စု(၇)ရွာ၊ ကြာလေလှိုင်းအုပ်စု(၆)ရွာနှင့် မင်းတပ်မြို့သို့ အလွယ်တကူ သွားလာနိုင်မည့် လမ်းဖြစ်ပါတယ်။ မင်းတပ်မှ ကန်ပက်လက်သွား

လမ်းမကြီးနှင့် မင်းတပ်-ကြာလေလှိုင်း ကားလမ်းမကြီး(၂)ခုအကြား ဆက်သွယ်ပေးပြီး ကျေးရွာပေါင်း (၂၀)ကျော်ရှိ ကျေးလက်နေ ပြည်သူများရဲ့ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် လွန်စွာ အထောက်အကူပြုမည့်လမ်း ဖြစ်ပါတယ်။ ကိုယ့်အားကိုယ်ကိုးဆိုင်ကယ်လမ်း ဖောက်လုပ် ထားပြီး ဖြစ်ပါတယ်။ ချီးချောင်းကားလမ်းမခွဲမှ ပူကွန်းရွာအထိ (၆)မိုင်ကို ကိုယ့်အားကိုယ်ကိုး ဒေသခံပြည်သူများမှ ကားလမ်း လည်းဖောက်လုပ်ထား ပြီးလည်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နောက်တစ်လမ်းကတော့ မင်းတပ်မြို့နယ်ရဲ့ မြောက်ဘက်အခြမ်းရှိ တိုက်နယ်မြို့ရဲ့ ဖွဲ့ရွာမှ ခလောင်းရွာဖြတ်၍ ဟုန်းသာရွာသို့ ဆိုင်ကယ်လမ်း(၈)မိုင်အား ကားလမ်း အဖြစ်လည်းကောင်း၊ ဟုန်းသာရွာမှ တုံလာရွာသို့ ကိုယ့်အားကိုယ်ကိုး ဖောက်လုပ်ထားတဲ့ ကားလမ်း မြေသားတိုးချဲ့ထားတဲ့ (၆)မိုင် စုစုပေါင်းအရှည် (၁၄)မိုင်ကို တစ်ကြောင်းထိုး(၁၈)ပေ ကားလမ်းအဖြစ် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မင်းတပ်မြို့မှ ဖွဲ့ရွာသို့ ၂၀၁၃/၂၀၁၄ ဘဏ္ဍာနှစ်တွင် မြေသားလမ်း (၁၈)ပေအကျယ် မိုင်ပေါင်း(၂၃)မိုင်ကို ဖောက်လုပ်ထားပြီး ဖြစ်ပါတယ်။ ကားလမ်းမကြီးပေါ်ရှိ တုံလာရွာမှ ဟုန်းသာရွာအထိ (၆)မိုင်ကို ဂျစ်ကားလမ်းငယ်ဖောက်လုပ်ထားပြီးဖြစ်၍ ဖွဲ့ရွာမှ ခက်လောင်းရွာဖြတ်ပြီး ဟုန်းသာရွာသို့ (၈)မိုင် ဆိုင်ကယ်လမ်းကို ကားလမ်းအဖြစ် ဖောက်လုပ်ရန် ကျန်နေပါတယ်။ ဟုန်းသာရွာမှ တုံလာရွာသို့ ဂျစ်ကားလမ်းကို တာချဲ့ပေးနိုင်ပါလျှင် မင်းတပ်မြို့မှ မွိတွီရွာ၊ ၁ကောက်ရွာ၊ ချုံရွာ၊ ဖွဲ့ရွာ၊ ဟုန်းသာရွာကိုဖြတ်၍ (၃၇)မိုင် ရွှေအောင်သာ ကားလမ်းမကြီး ပေါ်ရှိ တုံလာရွာသို့ တောက်လျှောက် ကားလမ်းပေါက်သွားမည် ဖြစ်ပါတယ်။ ဒါဆိုရင် မြို့ရဲ့ မြောက်ဘက်ခြမ်းမှတိုက်နယ် (၃)နှင့် တိုက်နယ်(၂)မှ ကျေးရွာများစွာရှိ ပြည်သူများ၏ လူမှုဘဝ ဖွံ့ဖြိုးမှုသည် နေ့ချင်း၊ ညချင်း မြင့်တက်လာမှာဖြစ်ပါတယ်ခင်ဗျား။

ဒါကြောင့် အောက်ပါမေးခွန်း(၂)ခုကို မေးမြန်းအပ်ပါတယ်။ မင်းတပ်-ကန်ပက်လက် ကားလမ်းမကြီးမှ လမ်းခွဲလျက် ပူကွန်ရွာ၊ မဒပ်ရွာကိုဖြတ်ပြီး ကြာအိမ်နူးရွာသို့ တစ်ကြောင်းထိုး ကားလမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိနဲ့ ဖွဲ့ရွာမှ ဟုန်းသာရွာဖြတ်၍ တုံလာရွာသို့ တစ်ကြောင်းထိုးကားလမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ မေးခွန်းပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၄-၂၀၁၅ ဘတ်ဂျက်တွင် မချပေးနိုင်ပါကလည်း ၂၀၁၅/၂၀၁၆ ဘတ်ဂျက်တွင် ချပေးနိုင်ပါရန် မြို့နယ်ဖွံ့ဖြိုးရေးကော်မတီ၏ ကွင်းဆင်းထောက်ခံချက်နဲ့တကွ ပူးတွဲလျက် သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဒေသခံပြည်သူများကိုယ်စား လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ ဒီးဒုတ်ကိုင်း ကျေးရွာနှင့် မအီမြို့အကြားရှိ ငရဲချောင်းနှင့် စံကောချောင်း တို့တွင် လူသွားကွန်ကရစ်တံတား(၂)ခု ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၇။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးအုန်းတင် က ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ ဒီးဒုတ်ကိုင်း ကျေးရွာနှင့် မအီမြို့အကြားရှိ ငရဲချောင်းနှင့် စံကော

ချောင်းတို့တွင် လူသွားကွန်ကရစ်တံတား(၂)ခု ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၈။**

**ဦးအုန်းတင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ ကြွရောက်လာကြတဲ့ ဧည့်သည်တော်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများ အားလုံးနှလုံးစိတ်ဝမ်းအေးချမ်းကြပါစေလို့ ဆုတောင်းရင်းရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးအုန်းတင် မှ လေးစားစွာဖြင့် ရိုသေဂါရဝပြုအပ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ မအီမြို့နယ်ခွဲ၊ ဒီးဒုတ်ကိုင်း ကျေးရွာနှင့် မအီမြို့အကြားရှိ ငရဲချောင်းနှင့် စံကောချောင်းတို့တွင် လူသွားကွန်ကရစ်တံတား(၂)ခု ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိဆိုတဲ့မေးခွန်းဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီဒုတ်ကိုင်းကျေးရွာသည် မအီချောင်း၏ယာဘက်ကမ်း၊ မအီမြို့၏အရှေ့ဘက်(၂)မိုင်ခန့်အကွာတွင် တည်ရှိပါတယ်။ ဒီဒုတ်ကိုင်းကျေးရွာနှင့် မအီမြို့အကြားတွင် ငရဲချောင်းနှင့် စံကောချောင်းယူ၍ ချောင်း(၂)ချောင်း ခြားလျက် ရှိကြပါတယ်။ ငရဲချောင်းမှာ အကျယ်(၅၀)ပေနှင့်ရေအနက် (၂၈)ပေခန့်ရှိပြီး စံကောချောင်းမှာ အကျယ်(၁၂၀)ပေနှင့် ရေအနက်(၂၈)ပေခန့်ရှိပါတယ်။ ဒီဒုတ်ကိုင်းကျေးရွာတွင် လူနေအိမ်ခြေ(၆၅) အိမ်ရှိပြီး လူဦးရေ(၂၇၈)ယောက်နေထိုင်လျက်ရှိပြီး မူလတန်းကျောင်းသား၊ ကျောင်းသူ စုစုပေါင်း (၇၅)ယောက် ရှိပါတယ်။ ရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်းမရှိပါ။ ရွာသူ၊ ရွာသားများ၏ နေ့စဉ်ရောင်းရေးဝယ်တာကိစ္စရပ်များ၊ လူမှုရေးကိစ္စရပ်များ၊ ကျန်းမာရေးကိစ္စရပ် များအတွက် မအီမြို့သို့ နေ့စဉ်ဆက်သွယ်သွားလာနေရသည်ဖြစ်ရာ ရွာသူရွာသားများက ကိုယ်ထူကိုယ်ထစနစ်ဖြင့် ဤချောင်းနှစ်ခုကို ဖြတ်၍ ဝါးလုံးသို့မဟုတ် သစ်လုံးများဖြင့် ပြုလုပ်ထားသော တံတားများကို ဖြတ်၍ ခဲရာခဲဆစ် သွားလာနေကြရပါတယ်။ အထူးသဖြင့် ရွာမှ မူလတန်းအောင်မြင်ပြီးသော ကျောင်းသား၊ ကျောင်းသူများမှာမအီမြို့ရှိ အထက်တန်းကျောင်းသို့ ဤတံတားနှစ်ခုကိုဖြတ်၍ နေ့စဉ်ကျောင်းတက်နေရသည်ဖြစ်ရာ ၎င်းတို့အတွက် အလွန်ပင် အန္တရာယ်များလှပါတယ်။ အရေးပေါ် ကျန်းမာရေးကိစ္စရပ်များပေါ်ပေါက်လာပါကလည်း ဤတံတားနှစ်ခုကို ဖြတ်သန်းပြီးသာ သွားလာနေရသည်ဖြစ်ရာ အလွန်ပင် အန္တရာယ်များလှပါတယ်။

အထူးသဖြင့် မိုးတွင်းရေကြီးချိန်များတွင် တံတားများမှာ ရေစီးအားကြောင့် ပြိုပျက်မျောပါသွားလေ့ရှိရာ ရွာသူရွာသားများနှင့်တကွ ကျောင်းသူ၊ ကျောင်းသားများမှာ မကြာခဏ ဆိုသလို အတိဒုက္ခနှင့် ရင်ဆိုင်နေကြရပါတယ်။ ဤအတိဒုက္ခ အခက်အခဲများကို ကျော်လွှားနိုင်ရန်နှင့် ရွာသူရွာသားများ ဆက်သွယ်သွားလာမှု လွယ်ကူချောမွေ့နိုင်ရေးအတွက် ဤချောင်းနှစ်ခုတွင် အမာခံ လူသွားကွန်ကရစ် တံတားများဆောက်လုပ်ပေးရန် လိုအပ်လျက် ရှိပါတယ်။

သို့ဖြစ်ပါ၍ ဥက္ကဋ္ဌကြီးခင်ဗျား၊ ဥက္ကဋ္ဌကြီးမှ တစ်ဆင့်ကျွန်တော် မေးမြန်းလိုတဲ့ မေးခွန်းများကတော့ ဒီဒုတ်ကိုင်းကျေးရွာနှင့် မအီမြို့အကြားရှိ ငရဲချောင်းနှင့် စံကောချောင်းတို့တွင် လူသွားကွန်ကရစ်တံတား (၂)ခု ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/ မရှိ၊ ရှိသည်ဆိုပါက မည်သည့်အချိန်တွင်

ဆောက်လုပ်ပေးပါမည်နည်း၊ မရှိဆိုပါက အဘယ်ကြောင့်ပါနည်း မေးခွန်းများ ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၂။**

**ဥက္ကဋ္ဌ။** မေးခွန်းများနဲ့ ပတ်သက်ပြီး မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၄၂။**

**ဦးတင်ငွေ (ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်များနှင့် အားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း ဦးစွာ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးတင်ငွေ ဖြစ်ပါတယ်။ ပထမဦးစွာ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစောတော်ပလဲ ရဲ့ ကြယ်ပွင့်ပြ မေးခွန်းနှင့်ပတ်သက်၍ ကျွန်တော်တို့ ဖြေကြားသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန အနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး အခြေခံအဆောက်အဦများဖြစ်သော လမ်းတံတား၊ ရေပေးရေး၊ မီးလင်းရေး တန်ဖိုးနည်းအိမ်ရာနဲ့ ယင်လုံအိမ်သာများကို တည်ဆောက်ရေးလုပ်ငန်းများအပြင် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားတိုးတက်ရေးအတွက် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သင်တန်းများကို ပြည်ထောင်စုအစိုးရ၏ ခွင့်ပြုဘဏ္ဍာငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

ထိုသို့ ဆောင်ရွက်ရာမှာ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းထားတဲ့ သံတောင်မြို့မှာရှိတဲ့ မြို့(၄)မြို့ ရေပေးဝေရေးလုပ်ငန်းများအနက် လိပ်သိုမြို့နယ်မှာ ရေပေးရေး လုပ်ငန်းများအား ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ဝန်ကြီးဌာနရဲ့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရဲ့ ခွင့်ပြုရန်ပုံငွေ (၁၅.၅၂)သန်းဖြင့် ဆတ်သေချောင်းနှင့် ဝက်လူးချောင်းတို့တွင် ရေတား တာတမံများ ပြုလုပ်ခြင်း၊ ရေပိုက်လိုင်းများ တိုးချဲ့သွယ်တန်းခြင်းများ စီစဉ်ဆောင်ရွက်ပေးခဲ့ပါတယ်။ ကရင်ပြည်နယ် အစိုးရရဲ့ ဖြေကြားချက်အရ သံတောင်မြို့နယ်အတွင်းမှာရှိတဲ့ ကျန်ရှိတဲ့ မြို့(၃)မြို့ ၏ ရေပေးရေးလုပ်ငန်း များမှာ သံတောင်ကြီးမြို့တွင် ရပ်ကွက် (၅)ခု အိမ်ထောင်စု (၁၁၄၆)စု လူဦးရေ (၆၃၇၄) ရှိပြီး တစ်နေ့ ရေလိုအပ်ချက်က ရေဂါလံ (၁.၅)သိန်း ဖြစ်ပါတယ်။ သံတောင်ကြီးမြို့ တိုးချဲ့ရေပေးရေးလုပ်ငန်းအား သံတောင်ကြီးမြို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေ (၃၈.၇၄)သန်းဖြင့် ဆောင်ရွက်ချက်ရှိပါတယ်။ နောက်တစ်ခါ သံတောင်မြို့ ဖြစ်ပါတယ်။ သံတောင်မြို့မှာ ရပ်ကွက်(၄)ကွက်နဲ့ အိမ်ထောင်စု (၁၂၆၃) လူဦးရေ(၇၁၄)ဦး ရှိပြီးတော့ တစ်နေ့လျှင် ရေလိုအပ်ချက်က (၁.၇)သိန်း ဂါလံ ဖြစ်ပါတယ်။ သံတောင်မြို့ ရေတိုးချဲ့ရေး လုပ်ငန်းကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ သံတောင်ကြီး မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေ(၂.၇)သန်းနဲ့ ဆောင်ရွက်ပြီး ဖြစ်ပါတယ်။ မြို့တိုးချဲ့

ရေပေးရေး ဆက်လက်ဆောင်ရွက်ရန်အတွက် ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ရဲ့ ကွင်းဆင်း စစ်ဆေးချက်အရ နောက်ထပ် ကျပ်(၂၅)သန်းလောက် ကုန်ကျမှာ ဖြစ်ပါတယ်။

အလားတူပဲ ဘောဂလိမြို့မှာလည်း ရပ်ကွက် (၄)ကွက် အိမ်ခြေ(၃၈၇) လူဦးရေ (၁၇၉၀)ရှိပြီးတော့ တစ်နေ့ လိုအပ်ချက်က ရေဂါလံ (၀.၄၃၄) ဖြစ်ပြီးတော့ ဘောဂလိမြို့ ရေပေးရေးအတွက် စောလောလို ချောင်းမှာ ရေရယူရမှာ ဖြစ်ပြီးတော့ မြို့ရေပေးဝေရေးလုပ်ငန်းကို အမြင့်တင်စနစ်ဖြင့် ဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်။ မော်တာနှင့် ပန့်များ လည်ပတ်ရန်အတွက် လျှပ်စစ် ဓာတ်အား လိုအပ်မှာဖြစ်ပါတယ်။ သံတောင်မြို့မှ ဘောဂလိမြို့အထိ (33)KVA လိုင်း သွယ်တန်း နေဆဲ ဖြစ်ပါတယ်။ ဘောဂလိမြို့ ရေပေးရေးလုပ်ငန်းအတွက် ခန့်မှန်း ကုန်ကျငွေက သန်း(၉၀) ကုန်ကျမယ်လို့ သိရပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဦးစောတော်ပလဲ ရဲ့ တင်ပြ ထားသော သံတောင်ကြီးမြို့နယ်အတွင်းမှာရှိတဲ့ သောက်သုံးရေ ဖူလုံစွာ ရရှိရေး ဆောင်ရွက် ပေးရန် လိုအပ်သော သံတောင်ကြီး၊ သံတောင်၊ လိပ်သို၊ ဘောဂလိ (၄)မြို့အနက် လိပ်သိုမြို့ ရေပေးရေး လုပ်ငန်းတစ်ခုတည်းကိုသာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ခွင့်ပြုရန်ပုံငွေ (၁၅.၅၂) သန်း နဲ့ ကျွန်တော်တို့ ရေတားတာတမံ ပြုလုပ်ခြင်းနှင့် ရေပိုက်လိုင်းသွယ်တန်း တိုးချဲ့လုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါတယ်။ ယခုအခါမှာ မြို့ပြရေပေးရေးလုပ်ငန်းများကို မြို့နယ်စည်ပင် သာယာရေးအဖွဲ့များနဲ့ စည်ပင်သာယာရေးကော်မတီတို့မှ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအသီးသီးတို့ရဲ့ အစီအစဉ်ဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ ကိုယ်စားလှယ်တော် ကြီး မေးမြန်းထားတဲ့ သံတောင်ကြီးမြို့နယ် အတွင်းမှာရှိတဲ့ မြို့(၄)မြို့ ရေပေးရေး လုပ်ငန်းများသည် မြို့ပြရေပေးရေးလုပ်ငန်းဖြစ်တဲ့အတွက်ကြောင့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာနအနေဖြင့် ဆက်လက်ဆောင်ရွက်ရန် အစီအစဉ် မရှိသေးပါကြောင်းနှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာလည်း ထည့်သွင်းလျာထားပေးခြင်း မရှိပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

ဆက်လက်ပြီးတော့ ကျွန်တော်တို့ ဒုတိယမေးခွန်းဖြစ်တဲ့ ဦးဟာရှိန်းဘွေ ရဲ့ မေးခွန်းကို ဆက်လက်တင်ပြသွားပါမယ်။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့်တကွ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော်တို့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် တော်ကြီး ဦးဟာရှိန်းဘွေ မှ အခုလို ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် စိတ်ပါဝင်စားစွာ ကျေးရွာများ ကို ကွင်းဆင်းပြီးတော့ မေးမြန်းတဲ့အတွက် အထူးပင် ကျေးဇူးတင်ပါတယ်။ ချင်းပြည်နယ် မင်းတပ် မြို့နယ်အတွင်းမှာရှိတဲ့ ချီချောင်းတံတားအနီးမှာရှိတဲ့ အဲဒီက လမ်းခွဲကနေပြီးတော့ ပူကွန်း-မဒပ်-ပွေး- ကြာအိမ်နူး (၁၈)မိုင်ရှိတဲ့ အဲဒီလမ်းက လက်ရှိအခြေအနေမှာတော့ ဆိုင်ကယ်သွားတဲ့လမ်း ဖြစ်ပါတယ်။ ကျေးရွာ (၄)ရွာ၊ အိမ်ခြေ(၁၇၄) လူဦးရေ (၁၀၅၇)တို့ကို အကျိုးပြုပါတယ်။ နောက်တစ်လမ်း ကတော့ ဖွဲ့ရွာ-ခက်လောင်း-ဟုန်းသာ- တုံလာလမ်း (၁၄)မိုင် ရှိပါတယ်။ လက်ရှိအခြေအနေမှာ ဆိုင်ကယ်လမ်း ဖြစ်ပြီးတော့ ကျေးရွာ (၄)ရွာ အိမ်ခြေ (၇၄)အိမ်၊ ရှိပြီးတော့ လူဦးရေ (၃၈၀)ထိ အကျိုး ပြုပါတယ်။

အဆိုပါ လမ်းနှစ်လမ်းကို ပေါင်းလိုက်ရင် (၃၂)မိုင် ရှိပါတယ်။ (၃၂)မိုင်ကို (၁၈)ပေအကျယ် မြေသားလမ်း အဆင့်မြှင့် ဆောင်ရွက်ပေးဖို့ တင်ပြထားခြင်း ဖြစ်ပါတယ်။ အဲဒီလမ်းကို ကျွန်တော်တို့ ဆောင်ရွက် ပေးလို့ရှိရင်ငွေကျပ် (၅၁၂.၀၀)သန်း ကုန်ကျမည်လို့ ခန့်မှန်း ရရှိပါတယ်။ ချင်းပြည်နယ် အတွင်းမှာ ကျွန်တော်တို့ ဝန်ကြီးဌာနအနေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေ (၆.၁၅၈)

ဘီလီယံနဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ ယခုနှစ်မှာ ကျွန်တော်တို့ ကတ္တရာလမ်း (၉)မိုင်၊ ကျောက်လမ်း (၂၄)မိုင်၊ မြေသားလမ်း (၂၆၈)မိုင် (၂)ဖာလုံ သစ်သားတံတား (၈၄၀)ပေနဲ့ ရေပြွန် (၅၀၀)ပေ တို့အား ခွင့်ပြုဆောင်ရွက်လျက်ရှိပါတယ်။ မင်းတပ်မြို့နယ်တွင် ပြန်ကြည့်လို့ရှိရင်လည်း ၂၀၁၄-၂၀၁၅ ယခုနှစ်မှာ ရန်ပုံငွေ (၈၁၈.၀၇၅)သန်းဖြင့် ကျောက်လမ်း (၆)မိုင် မြေသားလမ်း မိုင်(၂၀) နှင့် သစ်သားတံတား(၂၅၀)ပေတို့ကို ဆောင်ရွက်ခွင့်ပြုထားပြီး ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး မှ မေးမြန်းလာတဲ့ ချင်းပြည်နယ် မင်းတပ်မြို့နယ် အတွင်းမှာရှိတဲ့ ပူကွန်း-မဒပ်-ပွေး- ကြာအိမ်နူးလမ်းနှင့် ဖွဲ့ရွာ- ခက်လောင်း-ဟုန်းသာ-တုံလာလမ်း ကျေးရွာချင်းဆက်လမ်း (၂)လမ်းမှာ စုစုပေါင်း (၃၂)မိုင် ရှိပါတယ်။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ဦးစီးဌာနအနေနဲ့ ယခုနှစ် ၂၀၁၄-၂၀၁၅ ခုနှစ် ရန်ပုံငွေမှာတော့ ခွင့်ပြုထား ခြင်း မရှိပါဘူး။ လတ်တလော ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါဘူး။ သို့သော်လည်း ကျွန်တော်တို့ ဖြစ်နိုင်သမျှ ခုနကလည်း ကျွန်တော်တို ကိုယ်စားလှယ်တော်ကြီးနဲ့တွေ့လို့ ကျွန်တော် ရှင်းပြပါတယ်။ ဖြစ်နိုင်သမျှ ဒီထဲက (၃၂)မိုင်ထဲက ခွဲလို့ရတဲ့အပိုင်းကို ခွဲပြီးတော့ ၂၀၁၅-၂၀၁၆ လာမယ့်နှစ်မှာ ထည့်ပေး ပါမယ်လို့ ကျွန်တော်တို့ တင်ပြကတိပေးပါတယ်ခင်ဗျား။ တင်ပြအပ်ပါတယ်။

ဆက်လက်ပြီးတော့ ကျွန်တော်တို့ ရခိုင်ပြည်နယ် အမှတ်(၁၀) မဲဆန္ဒနယ် မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအုန်းတင် ရဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ ဆက်လက်ပြီးတော့ တင်ပြပါမယ်။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး နဲ့တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး များခင်ဗျား။ ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ မအီမြို့ သဒွန်ကျေးရွာ အုပ်စု၊ ဒီးဒုတ်ကိုင်းကျေးရွာနှင့် မအီမြို့အကြားမှာရှိတဲ့ စံကောချောင်းနှင့် ငရဲချောင်းတံတားများမှာ အိမ်ခြေ(၆၅)၊ လူဦးရေ (၂၇၈)ဦး၊ ကျောင်းသူ/ ကျောင်းသား (၇၅)ဦးတို့ အကျိုးပြုပါတယ်။ စံကောချောင်းတံတားကတော့ ပေ(၁၂၀) ရှည်ပြီးတော့ ကျောက်စီကမ်းကပ်ခုံးသံကူကွန်ကရစ်တိုင်၊ သစ်သားကြမ်းခင်းဖြင့် တည်ဆောက်လို့ ရှိရင် ကျွန်တော်တို့ (၆၄.၈)သန်းလောက် ကုန်ပါတယ်။ ငရဲချောင်းတံတားကတော့ အရှည်ပေ (၄၀)မှ (၅၀) ရှိပြီးတော ကျောက်စီကမ်းကပ်ခုံ သစ်သားကြမ်းခင်း တံတားဖြစ်ပြီးတော့ ၎င်းကို တည်ဆောက်မယ်ဆိုရင် (၂၄.၇)သန်း ကုန်ကျမှာ ဖြစ်ပါတယ်။ စုစုပေါင်း (၈၉.၅)သန်း ကုန်ကျမှာ ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်အတွင်းမှာတော့ ဒီနှစ် လမ်းတံတားနဲ့ပတ်သက်လို့ ခွင့်ပြုထားတာ ၂၀၁၄-၂၀၁၅ မှာ (၁၁.၈၄၂)သန်း ရှိပါတယ်။ မအီမြို့နယ်အနေနဲ့ ပြန်ကြည့်လို့ရှိရင်တော့ စုစုပေါင်း ဒီနေ့ ၂၀၁၄-၂၀၁၅ မှာ ခွင့်ပြုထားတာ လမ်းတံတားအားလုံးပေါင်း (၃၇.၁)သန်း ရှိပါတယ်။

အဲဒီတော့ ကျွန်တော် တင်ပြချင်တာကတော့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီး မေးမြန်းတဲ့ မအီမြို့နယ်အတွင်းမှာ သဒွန်ကျေးရွာအုပ်စု ဒီးဒုတ်ချောင်းကျေးရွာနဲ့ မအီမြို့နဲ့ ကြားမှာ ရှိတဲ့ စံကောချောင်းနဲ့ ငရဲတံတားများကို ကျွန်တော်တို့ ဝန်ကြီးဌာန အနေနဲ့ ၂၀၁၄-၂၀၁၅ ခွင့်ပြု ရန်ပုံငွေမှာတော့ ခွင့်ပြုထားခြင်း မရှိပါဘူး။ အဆိုပါလမ်းကို တည်ဆောက်မယ် ဆိုလို့ရှိရင်တော့ ကျွန်တော်တို့ လာမယ့် ၂၀၁၅-၂၀၁၆ မှာတော့ လမ်း အဲဒီက တံတားနှစ်ခုကို အနည်းဆုံးတစ်ခုတော့ လျာထားပေးပါမည်အကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မလေးရှားနိုင်ငံတွင် မြန်မာလူမျိုးများကို ရွေးချယ်ပြီး အကြမ်းဖက်သတ်ဖြတ်မှုများကို တားဆီးရန် မည်သို့ လုပ်ဆောင်နေသည်ကို သိရှိလိုခြင်း နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၅၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်လတ် က မလေးရှားနိုင်ငံတွင် မြန်မာလူမျိုးများကို ရွေးချယ်ပြီး အကြမ်းဖက်သတ်ဖြတ်မှုများကို တားဆီးရန် မည်သို့ လုပ်ဆောင်နေသည်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၀။**

**ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များ ကော်မရှင် အဖွဲ့ဝင်များကို မင်္ဂလာပါလို့ နှုတ်ဆက်ရင်း ရိုသေဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်လတ် ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့် မေးခွန်းက မလေးရှားနိုင်ငံတွင် မြန်မာလူမျိုးများကို ရွေးချယ်ပြီး အကြမ်းဖက်သတ်ဖြတ်မှုများကို တားဆီးရန် မည်သို့ လုပ်ဆောင်နေသည်ကို သိရှိလိုခြင်း ဆိုတဲ့ မေးခွန်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံနဲ့ မလေးရှားနိုင်ငံတို့ဟာ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက မိတ်ဆွေနိုင်ငံများအဖြစ် သံတမန်ဆက်ဆံရေးနဲ့ စီးပွားရေးဆက်ဆံရေးတွေကို ထူထောင်လာခဲ့ကြပါတယ်။ ပြီးတော့ ကျွန်တော်တို့ ဒီနှစ်နိုင်ငံဟာ အာဆီယံ အဖွဲ့ဝင် နိုင်ငံအချင်းချင်းလည်း ဖြစ်ပါတယ်။ မလေးရှားအနွယ်တွေဆိုရင် ကျွန်တော်တို့ မြန်မာနိုင်ငံတောင်ပိုင်းမှာ အခုလည်း အခြေချ နေထိုင်ကြတာကို တွေ့ရှိရပါတယ်။ မွန်ဂိုလွိုက်လူမျိုး အချင်းချင်းဖြစ်လို့ မလေးရှားလူမျိုးနဲ့ မြန်မာလူမျိုးတွေဟာ ရုပ်ရည်ချင်းလည်း ဆင်ကြပါတယ်။ မလေးရှား ယဉ်ကျေးမှု ကဇာတ်တစ်ဖွဲ့ဟာ တစ်ချိန်က မြန်မာနိုင်ငံကို လာရောက်ပြီးတော့ ကပြခဲ့ဖူးပါတယ်။ သူတို့ ယဉ်ကျေးမှုနဲ့ ကျွန်တော်တို့ ယဉ်ကျေးမှု တော်တော်နီးစပ်မှု ရှိပါတယ်။ မလေးရှားလူမျိုးတွေဟာ မြန်မာနိုင်ငံမှာ လာပြီးတော့ ကူးသန်းသွားလာကြတယ်။ ကုန်သွယ်ကြတာမျိုး လုပ်နေကြတာဟာ နှစ်ပေါင်း အတော်ကြာပါပြီ။ ဒီနေ့အထိလည်း မလေးရှားကုမ္ပဏီတွေဟာ မြန်မာနိုင်ငံမှာ လာပြီးတော့ ရင်းနှီးမြှုပ်နှံမှုတွေ ရှိပါတယ်။ မလေးရှားလူမျိုးတွေရဲ့ အကျိုးစီးပွားနဲ့ လုံခြုံရေးကို ထိခိုက်နစ်နာတယ်ဆိုတာ မြန်မာနိုင်ငံမှာ မရှိစဖူးကိစ္စ ဖြစ်ပါတယ်။

သို့သော်လည်း ဒီကနေ့အချိန်မှာ အပြစ်မဲ့တဲ့ မြန်မာနိုင်ငံသားတွေဟာ မလေးရှားနိုင်ငံမှာ ဆက်တိုက်ဆိုသလို အကြမ်းဖက် သတ်ဖြတ်မှုကို ခံနေရပါတယ်။ အချို့ စီးပွားရေးလုပ်ငန်းအသေးစားတွေလည်း ဖြိုဖျက် ဖျက်ဆီးခြင်းကို ခံနေရပါတယ်။ မြန်မာလူမျိုးတွေဟာ ဆင်ခြင်ပြီးတော့ သွားလာနေကြရပါတယ်။ မဝံ့မရဲနဲ့လည်း စီးပွားရေး လုပ်ကိုင်နေကြရပါတယ်။ အလုပ်အကိုင်ခွင့်တွေကလည်း ကျဉ်းမြောင်းလာပါတယ်။ အလုပ် လုပ်တဲ့ အချိန်ကလည်း တိုတောင်းလာတဲ့အတွက် စီးပွားရေး ထိခိုက်လာပါတယ်။ အဲဒါနဲ့ တချို့က မလေးရှားနိုင်ငံက ပြန်လာကြပါတယ်။ တချို့ကျတော့ ထိုင်းတို့၊ တရုတ်နိုင်ငံတွေဆီကို ပြောင်းပြီးတော့ အလုပ် လုပ်နေရပါတယ်။ အဲဒီမှာ ကျန်ရှိပြီး လုပ်နေရတဲ့ လူတွေကလည်း စိုးရိမ်တကြီးနဲ့ လုပ်နေကြတာ ဖြစ်ပါတယ်။ မိဘဆွေမျိုးတွေကလည်း ဒီကနေပြီးတော့ စိုးရိမ်ပူပန်မှုတွေ ရှိနေကြပါတယ်။

သူများနိုင်ငံမှာ သွားပြီးတော့ ကာယလုပ်သား အခြေခံအဖြစ် သွားလုပ်တယ်ဆိုတော့ အောက်ကျနောက်ကျ ဖြစ်တာ ကတော့ ရှိမှာပါပဲ။ သို့သော်လည်း သူတို့နိုင်ငံရဲ့ ဥပဒေအောက်မှာပဲ တခြားနိုင်ငံက လူမျိုးတွေက လွတ်လွတ်လပ်လပ်နဲ့ သွားလာလှုပ်ရှားပြီး စီးပွားရှာလို့ရတယ်။ ကျွန်တော်တို့ နိုင်ငံမှာလည်း အဲဒီလိုမျိုး လုပ်လို့ရတယ်။ ဒါပေမဲ့ မြန်မာတွေက အဲဒီလို အခွင့်အရေးမျိုး တန်းတူ မရှိဘူးဆိုတာ မဖြစ်သင့်ပါဘူး။ တလောတုန်းက မြန်မာနိုင်ငံသားတွေကို အကြမ်းဖက် ရက်စက်မှု လုပ်တာမှာ ရွေးချယ်ပြီးတော့ စနစ်တကျ ရှိလှပါတယ်။ လူမှုရေးခေါင်းဆောင်တွေကို ပစ်မှတ်ထားပြီးတော့ လုပ်ဆောင် လာပါတယ်။ အရင်တုန်းကလည်း ရခိုင်နိုင်ငံရေး ခေါင်းဆောင်တွေ သွားရောက်စဥ်က လုပ်ကြံဖို့ ကြိုးစားခဲ့ပါတယ်။ နောက် ဒီ မြန်မာဘုန်းတော်ကြီးကျောင်းကို ဗုံးခွဲဖို့၊ မြန်မာနိုင်ငံသံရုံးကို ဗုံးခွဲဖို့ ဆိုပြီးတော့ ခြိမ်းခြောက်ခဲ့တာတွေလည်း ရှိပါတယ်။ အဲဒီကိစ္စတွေ အားလုံးကို မလေးရှားရဲက ဖော်ထုတ်တယ်ဆိုတာက မရှိသလောက်ပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံခြားသား၊ ဘာသာခြားတွေကို ခွဲခြားပြီးတော့ တစ်ဦးချင်းစီကို သတ်ဖြတ်တာဟာလည်း နိုင်ငံတကာ အကြမ်းဖက်မှု ရာဇဝတ်မှု ဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံက လူမျိုးတစ်မျိုးတည်းကို ရွေးချယ်ပြီး တခြားနိုင်ငံတစ်ခုမှာ အကြမ်းဖက်တာကလည်း နိုင်ငံကို ဖြတ်ကျော် အကြမ်းဖက်မှု ဖြစ်ပါတယ်။ အကြမ်းဖက်မှုကိစ္စတွေမှာ အင်ဒိုနီးရှားနဲ့ စင်ကာပူနိုင်ငံတို့ဟာ ပြင်းပြင်းထန်ထန်နဲ့ ပြတ်ပြတ်သားသား အရေးယူဆောင်ရွက်နေတာကို တွေ့ရှိရပါတယ်။ တချို့ ကိစ္စတွေဆို သူတို့ ကြိုတင်ပြီးတောင်မှ ဖော်ထုတ်နိုင်တာတွေ ရှိပါတယ်။ မလေးရှားနိုင်ငံက ဘာဖြစ်လို့ အဲဒီလို မလုပ်နိုင်တာလဲ ဆိုတာလည်း မေးစရာ ရှိပါတယ်။ မလေးရှားနိုင်ငံက ပုဂ္ဂိုလ်ကြီးတွေ ဒီနိုင်ငံမှာလာပြီးတော့ လူ့အခွင့်အရေးဆိုပြီး တောင်းဆိုနေတာလည်း ဒီနေ့ထိ ရှိပါတယ်။ အာဆီယံ နိုင်ငံတွေကြားမှာ လုံခြုံရေးစနစ်တွေ မရှိတော့ဘူးလား ဆိုတာလည်း မေးစရာရှိပါတယ်။ နောက် နိုင်ငံဖြတ်ကျော်တဲ့ အကြမ်းဖက်မှု ကိစ္စဖြစ်လို့ နိုင်ငံတကာရဲအဖွဲ့ (Interpol) အနေနဲ့ကလည်း ဝင်ရောက်ပြီးတော့ လုပ်ကိုင်နိုင်တဲ့ ကိစ္စတွေ ဖြစ်ပါတယ်။ အခုကိစ္စတွေဟာ အရှိန်မြင့်လာတာ ဖြစ်လို့ နောက်ကွယ်ကနေ ရည်ရွယ်ချက်ရှိရှိနဲ့ ပိုပြီးတော့ ရှုပ်ထွေးလာအောင်လုပ်တဲ့ ဖြစ်ရပ်များလို့လည်း ယူဆနိုင်ပါတယ်။ အဲဒါကြောင့် ကြီးထွားမလာအောင် ကြိုးစားပေးဖို့၊ တားဆီးဖို့ လိုအပ်လာပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတစ်နိုင်ငံမှာတစ်ခုခုဖြစ်ရင် နိုင်ငံသားတွေဟာ မိမိတို့နိုင်ငံရဲ့ သံရုံးကို အရင်ဆုံး ပြေးသွားကြရပါတယ်။ အကူအညီတောင်းရပါတယ်။ အားကိုးမှီခိုရာ မိခင်ဌာနဆိုတာ သံရုံးတွေ ဖြစ်ပါတယ်။ သံရုံးတွေကလည်း ကိုယ့်နိုင်ငံသားတွေကို ကာကွယ်စောင့်ရှောက် ဝန်ဆောင်မှု ပေးပါတယ်။ တရုတ်ပြည်မှာ ကူးစက်မြန်ရောဂါဖြစ်တဲ့ SAR ရောဂါ ဖြစ်တုန်းက ရှမ်းပြည်နယ်မှာ ရောက်နေတဲ့ နိုင်ငံသားတွေကို သူတို့နိုင်ငံသံရုံးက ဖုန်းဆက်ပြီးတော့ သတိပေးတာတွေ တစ်ဦးချင်းကို အကြောင်း ကြားတာတွေ ရှိခဲ့ဖူးပါတယ်။ ယခု ကိစ္စမှာ မြန်မာနိုင်ငံသံရုံးက ဘာမှ အကူအညီ မပေးဘူးဆိုပြီးတော့ အပြစ်တင်တာတွေလည်း ရှိပါတယ်။ ကျွန်တော် သိသလောက်ကတော့ မလေးရှားမှာ အကြမ်းဖက်မှုနဲ့ ပတ်သက်လို့ မြန်မာသံရုံးက သတိထောက်လှာတွေ ပေးပို့ခဲ့ဖူးပါတယ်။ ဒါပေမဲ့ အဲဒီနောက်မှာလည်း အခြေအနေက ပိုပြီးတော့ ဆိုးရွားလာပါတယ်။ အဲဒါကြောင့် မြန်မာနိုင်ငံ အစိုးရနဲ့ သံရုံးက ဒီထက်ပိုပြီးတော့ ပြင်းပြင်းထန်ထန် တိုးတက်ပြီးလုပ်ဆောင်ဖို့ လိုအပ်တယ်လို့ ယူဆပါတယ်။

အဲဒီလို လုပ်နေလိမ့်မယ်လို့လည်း ကျွန်တော့်အနေနဲ့ ယူဆပါတယ်။ ဒါပေမဲ့ ပွင့်ပွင့်လင်းလင်း သိရအောင် ဖြစ်လို့ လွှတ်တော်ဥက္ကဋ္ဌကြီးဆီကတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၅၈။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၅၈။**

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့် (ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး နှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်များ၊ ဖိတ်ကြား ထားသော ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာ ဆုတောင်း မေတ္တာပို့သအပ်ပါတယ်။ ရခိုင်ပြည်နယ် အမှတ်(၆) မဲဆန္ဒနယ် ဦးခင်မောင်လတ် ရဲ့ ကြယ်ပွင့်ပြ မေးခွန်းနှင့်စပ်လျဉ်းပြီး ကျွန်တော် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဇံမြင့် က ပြန်လည်ရှင်းလင်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံက ၁၉၅၄ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှာ အပြည်ပြည်ဆိုင်ရာ ရဲအဖွဲ့ကို စတင်ဝင်ရောက်ခဲ့ပါတယ်။ ၁၉၅၄ ခုနှစ်မှ အောက်တိုဘာလ ၉ ရက်နေ့မှ ၁၂ ရက်နေ့ထိ အီတလီနိုင်ငံ ရောမမြို့မှာ ကျင်းပတဲ့ (၂၃) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ရဲအဖွဲ့ အထွေထွေညီလာခံမှာ မြန်မာနိုင်ငံကို အပြည်ပြည်ဆိုင်ရာ ရဲအဖွဲ့ဝင် နိုင်ငံအဖြစ် အသိအမှတ် ပြုခဲ့ပြီး ဖြစ်ပါတယ်။ အဖွဲ့ဝင်နိုင်ငံတိုင်းအတွက် အမျိုးသားဗဟိုဌာနများ ဖွဲ့စည်းထားရှိပြီးတော့ အဖွဲ့ဝင်နိုင်ငံ အချင်းချင်း ချစ်ကြည်မှု အပြန်အလှန် လေးစားမှုတို့ဖြင့် ပူးပေါင်း ဆောင်ရွက်လျက် ရှိပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ နိုင်ငံဖြတ်ကျော် မှုခင်းဌာနကြီးအနက် အပြည်ပြည်ဆိုင်ရာရဲတပ်ဖွဲ့ (ICPO-INTERPOL) နဲ့ အာဆီယံ ရဲအဖွဲ့ (ASEANAPOL) တို့ဟာ စတဲ့ အဖွဲ့ဝင်နိုင်ငံများနဲ့ နိုင်ငံတကာမှုခင်း ကိစ္စရပ်များမှာ အပြန်အလှန် ဆက်သွယ်ဆောင်ရွက်လျက် ရှိပါတယ်။

အပြည်ပြည်ဆိုင်ရာ ရဲအဖွဲ့ရဲ့ အခြေခံဥပဒေအရ နိုင်ငံရေး၊ စစ်ရေး၊ လူမျိုးရေး၊ ဘာသာရေးနဲ့ဆက်နွယ်တဲ့ ကိစ္စရပ်များကို အကူအညီ တောင်းခံခြင်း မပြုနိုင်ဘဲ မှုခင်းကျူးလွန်သူများ ကိုသာ အပြန်အလှန်တောင်းဆိုခွင့်၊ အကူအညီပေးခွင့်များ ရှိပါတယ်။ အာဆီယံနိုင်ငံများ အကြားမှာလည်း နိုင်ငံဖြတ်ကျော်မှုခင်းများကို ပူးပေါင်းတားဆီး နှိမ်နင်းပြီး ဒေသတွင်း လုံခြုံမှုနှင့် ငြိမ်းချမ်းမှု ရရှိစေရန်အတွက်အာဆီယံ ရဲအဖွဲ့ကို တည်ထောင်ထားရှိပြီး အတွင်းရေးမှူးရုံးမှာ မလေးရှားနိုင်ငံ ရဲတပ်ဖွဲ့ ဌာနချုပ်မှာ ဖွင့်လှစ်ထားရှိပြီး ဖြစ်ပါတယ်။ နိုင်ငံရပ်ခြားမှာ ပြစ်မှုဖြစ်ပွားပြီး ထွက်ပြေးတိမ်းရှောင်နေတဲ့ ပြစ်မှုကျူးလွန်သူ နိုင်ငံခြားသားများကို မိမိနိုင်ငံအတွင်း ကူညီစုံစမ်းပေးခြင်း ရှာဖွေဖမ်းဆီးပြီး ပြန်လည် လွှဲပြောင်းပေးခြင်း မိမိနိုင်ငံတွင် မှုခင်းဖြစ်ပွားပြီး ပြည်ပနိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်နေသည့် ပြစ်မှုကျူးလွန်သူ မြန်မာနိုင်ငံသားများကို ဖမ်းဆီးရမိရေးအတွက် အဖွဲ့ဝင်နိုင်ငံများထံ ဆက်သွယ် အကူအညီတောင်းခံခြင်းများကိုလည်း ဆောင်ရွက်လျက် ရှိပါတယ်။

၂၀၁၃ ခုနှစ်နဲ့ ၂၀၁၄ ခုနှစ်အတွင်း မြန်မာနိုင်ငံမှ အပြည်ပြည် ဆိုင်ရာရဲတပ်ဖွဲ့သို့ အကူအညီ တောင်းခံသည့် အမှုအရေအတွက် (၅၅)မှု ရှိခဲ့ပြီး နိုင်ငံတကာမှ အကူအညီ တောင်းခံလာသည့် အရေအတွက် (၇၇) မှု ရှိပါတယ်။ ၎င်းတို့အနက် အမှုပေါင်း (၃၆)မှုအား ပြန်လည် အကူအညီ ပေးနိုင်ခဲ့ပြီး ဖြစ်ပါတယ်။ ၂၀၁၂ ခုနှစ်မှ ၂၀၁၄ ခုနှစ် စက်တင်ဘာလ ၁၄ ရက်နေ့ထိ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ မလေးရှားနိုင်ငံ ရဲတပ်ဖွဲ့သို့ ဆက်သွယ်အကူအညီ တောင်းခံမှု (၁၁)မှုနဲ့ မလေးရှားနိုင်ငံ ရဲတပ်ဖွဲ့မှ မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့ ဆက်သွယ်အကူအညီ တောင်းခံသည့်အမှု (၁၀)မှု စုစုပေါင်း (၂၁)မှုကို အပြန်အလှန် အကူအညီ ပေးနိုင်ဖို့အတွက်ကို တောင်းခံခဲ့ပြီး ဖြစ်ပါတယ်။ ၎င်းတို့အနက် အမှုပေါင်း (၁၀)မှုကိုလည်း အပြန်အလှန် ကူညီပေးနိုင်ခဲ့ပြီး ကျန်အမှုများကိုလည်း ဆက်လက်ဖော်ထုတ်ဆဲ ဖြစ်ပါတယ်။

ထိုသို့ အကူအညီ ဆောင်ရွက်မှုများဟာ အဖွဲ့ဝင်နိုင်ငံ အချင်းချင်း ချစ်ကြည်ရင်းနှီးမှု နိုင်ငံရေးအရ ပူးပေါင်းဆောင်ရွက်လိုမှု အဖွဲ့ဝင်နိုင်ငံအချင်းချင်း အပြန်အလှန် အကူအညီ တောင်းခံမှုတို့ပေါ် မူတည်ပြီး အခြေခံဆောင်ရွက်ရခြင်းဖြစ်တဲ့အတွက် ဥပဒေအရ စည်းနှောင်မှု မရှိပါဘူး။ နိုင်ငံရပ်ခြားမှာ ဖြစ်ပွားသော ပြစ်မှုများကို ထိုနိုင်ငံရဲ့ တည်ဆဲဥပဒေတစ်ရပ်ရပ်ဖြင့်သာ အရေးယူဆောင်ရွက်ခြင်းဖြစ်ရာ ထိုနိုင်ငံရဲ့ ဥပဒေနှင့်အညီ စုံစမ်းစစ်ဆေးဆောင်ရွက်မှု တရားစီရင်ပိုင်ခွင့်တို့ကို မိမိတို့နိုင်ငံအနေနဲ့ ဝင်ရောက်စွက်ဖက် ပိုင်ခွင့်မရှိကြောင်းကိုလည်း သတိပြုရမှာ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးမောင်၊ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအေးသာအောင် နဲ့ အဖွဲ့ဟာ မလေးရှားနိုင်ငံရောက် ရခိုင်လူမှုကယ်ဆယ်ရေး အဖွဲ့ရဲ့ ဖိတ်ကြားချက်အရ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်နေ့မှာ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ အတွင်းမှာ မော်တော်ယာဉ်ဖြင့် သွားလာနေစဉ် မလေးရှားစံတော်ချိန် ၂၃:၂၀ နာရီချိန်ခန့်မှာ ဆိုင်ကယ်စီးလာသူ နှစ်ဦးဟာ ဘေးချင်းယှဉ်ပြီး သေနတ်နဲ့ပစ်ခတ်မှု ဖြစ်စဉ် ဖြစ်ပွားခဲ့ပါတယ်။ ဒီဖြစ်စဉ်နဲ့ ပတ်သက်လို့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးဇော်အေးမောင် ရဲ့ တိုင်ကြားချက်အရ ရန်ကုန်တိုင်းဒေသကြီး ဒဂုံ မြို့မရဲစခန်းမှ ပ-၃၂/၂၀၁၄ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၇၊ ၄၂၇၊ ၁၁၄ လူသတ်မှု ကျူးလွန်ရန် အားထုတ်မှု၊ အကျိုးဖျက်ဆီးမှု၊ အားပေးကူညီမှုဖြင့် အမှုဖွင့်လက်ခံ စစ်ဆေးဆောင်ရွက်လျက်ရှိပါတယ်။

အမှုနဲ့ပတ်သက်လို့ မျက်မြင်သက်သေ (၅) ဦးဟာ စစ်ဆေးဆောင်ရွက်နိုင်ခဲ့ပြီး ရရှိတဲ့ အချက်အလက်ပေါ် မူတည်အခြေခံပြီးတော့ တရားခံ (၂) ဦးကို ဖမ်းဆီးရမိနိုင်ရေးအတွက်ကို မလေးရှားနိုင်ငံရှိ အပြည်ပြည်ဆိုင်ရာ ရဲအဖွဲ့၊ အာဆီယံ ရဲအဖွဲ့၊ အတွင်းရေးမှူးရုံး မလေးရှားနိုင်ငံ ရဲတပ်ဖွဲ့တို့နဲ့ဆက်သွယ်ပြီး ပူးပေါင်း ဖော်ထုတ်လျက်ရှိပါတယ်။ ပြစ်မှုကျူးလွန်သူကို ဖော်ထုတ်ဖမ်းဆီးနိုင်ဖို့အတွက်ကို မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ မလေးရှားနိုင်ငံ အပြည်ပြည်ဆိုင်ရာ ရဲတပ်ဖွဲ့သို့ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ ၂၁ ရက်နေ့မှာ I-24/7 ဆက်သွယ်မှုစနစ်ဖြင့် အကြောင်းကြားစာများပေးပို့ခဲ့ပါတယ်။ အဆိုပါ ကိစ္စရပ်နဲ့ပတ်သက်ပြီး ၂၀၁၄ ခုနှစ်၊ မတ်လ ၃ ရက်နေ့ အင်တာနက်စာမျက်နှာများမှာ မြန်မာနိုင်ငံသားတစ်ဦးကို မလေးရှားနိုင်ငံ ရဲတပ်ဖွဲ့က ဖမ်းဆီးထားကြောင်း တွေ့ရှိရတဲ့အတွက် မတ်လ ၅ ရက်နေ့မှာပဲ I-24/7 ဆက်သွယ်မှုစနစ်နဲ့ ထပ်မံပြီးမေးမြန်းခဲ့ရာ မလေးရှားနိုင်ငံ

အပြည်ပြည်ဆိုင်ရာရဲတပ်ဖွဲ့မှ အကြောင်းပြန်ကြားခြင်းမရှိတဲ့အတွက် အာဆီယံရဲအဖွဲ့ အတွင်းရေးမှူးရုံးကို ၂၀၁၄ ခုနှစ် မတ်လ ၁၉ ရက်နေ့မှာ အီးမေးလ်ဖြင့် ထပ်မံမေးမြန်းစုံစမ်းခဲ့ပါတယ်။

မလေးရှားနိုင်ငံ အပြည်ပြည်ဆိုင်ရာ ရဲတပ်ဖွဲ့ဟာ အဆိုပါကိစ္စရပ်နှင့် ပတ်သက်လို့ စုံစမ်းဆဲဖြစ်ပြီး ပေါ်ပေါက်ချက်အား မကြာမီ ပြန်ကြားပေးမည်ဖြစ်ကြောင်း မတ်လ ၂၀ ရက်နေ့မှာ အကြောင်းပြန်ကြားလာပါတယ်။ အဆိုပါ သတင်းနဲ့ပတ်သက်လို့ နောက်ဆက်တွဲ အခြေအနေများကို ဆက်လက်ပြန်ကြားခြင်းမရှိတဲ့အတွက် ၂၀၁၄ ခုနှစ် ဇူလိုင်လ ၁၇ ရက်နေ့မှာ ထပ်မံပြီး မလေးရှားနိုင်ငံ အပြည်ပြည်ဆိုင်ရာ ရဲတပ်ဖွဲ့ကို ဆက်သွယ်အကြောင်းကြားခဲ့ပါတယ်။ ဒါ့အပြင် ၂၀၁၄ ခုနှစ် ဇွန်လ ၂၂ ရက်နေ့မှ ၂၇ ရက်နေ့အထိ ဘရူနိုင်းနိုင်ငံမှာ ကျင်းပပြုလုပ်တဲ့ (၁၄) ကြိမ်မြောက် နိုင်ငံဖြတ်ကျော်မှု မှုခင်းဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးအဖွဲ့မှာ မြန်မာနိုင်ငံကိုယ်စားလှယ် အဖွဲ့ဝင်ရဲမှူးကြီး အောင်ဋ္ဌေးမြင့် က မလေးရှားနိုင်ငံ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် Mr.Datuk Seri Mohd Bakri Mohd Zinin အား ဒီကိစ္စနဲ့ပတ်သက်လို အမြန်ဆုံး ဆောင်ရွက်နိုင်ဖို့ကို အကူအညီတောင်းခံ ညှိနှိုင်းဆောင်ရွက်ခဲ့ပါတယ်။

မလေးရှားနိုင်ငံရောက် မြန်မာနိုင်ငံသားများ အကြမ်းဖက်ခံရမှုနဲ့ ပတ်သက်ပြီး နိုင်ငံခြားရေးဝန်ကြီးဌာန မလေးရှားနိုင်ငံ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးသာအောင်ညွန့်၊ စစ်သံမှူး ဗိုလ်ချုပ် ဝင်းမောင်နဲ့ ဒုတိယအတွင်းဝန် ဦးတင်အောင်ဝင်း တို့အဖွဲ့ကလည်း မလေးရှားနိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာနှင့် ကောင်စစ်ရေးရာဌာန ဒုတိယအကြီးအကဲ Y.BHG Dato' Ahmai Nazri Yusof နဲ့အဖွဲ့ကို ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်နေ့မှာ သွားရောက်တွေ့ဆုံ ဆွေးနွေးခဲ့ပါတယ်။ ထိုသို့တွေ့ဆုံဆွေးနွေးရာမှာ မလေးရှားနိုင်ငံရှိ မြန်မာနိုင်ငံသားများအား ထပ်မံအကြမ်းဖက်မှုများတိုက်ခိုက်မှုများမရှိစေဖို့အတွက်ကို ကာကွယ်စောင့်ရှောက်ပေးရန်နှင့် ဖြစ်ပွားခဲ့တဲ့ ဖြစ်စဉ်များအပေါ်မှာလည်း ကျူးလွန်တဲ့ တရားခံတွေကို အမြန်ဆုံးဖော်ထုတ် အရေးယူနိုင်ဖို့ကို တောင်းဆို ခဲ့ကြောင်း သိရှိရပါတယ်။ မလေးရှား နိုင်ငံခြားရေးရာဝန်ကြီးဌာန သံတမန်ရေးရာနှင့် ကောင်စစ်ရေးရာဌာန ဒုတိယအကြီးအကဲမှလည်း ဖြစ်ပွားခဲ့သည့် ရာဇဝတ်မှုခင်း ဖြစ်စဉ်များနှင့် ပတ်သက်ပြီး သက်ဆိုင်ရာဌာနများကို အမြန်ဆုံးအကြောင်းကြားပေးခဲ့ကြောင်း မြန်မာသံရုံး၊ စစ်သံရုံးနဲ့ သံရုံးဝန်ထမ်းများ မြန်မာနိုင်ငံသားများရဲ့ လုံခြုံရေးနဲ့ပတ်သက်လို့ စီစဉ်ဆောင်ရွက်ပေးရန် မလေးရှား ရဲတပ်ဖွဲ့ဌာနအသီးသီးကိုလည်း ဆက်လက် ညွှန်ကြားဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်းနဲ့ မြန်မာနိုင်ငံသားများရဲ့ လုံခြုံရေးကိစ္စအား အလေးအနက်ထား ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ပြန်လည် ပြောကြားခဲ့ကြောင်း သိရှိရပါတယ်။

ပြည်ပနိုင်ငံတစ်ခုမှာ ရောက်ရှိနေတဲ့ နိုင်ငံခြားသားများအနေနဲ့ အဲဒီနိုင်ငံရဲ့ ဥပဒေများကို လေးစားလိုက်နာရန်ဖြစ်ပြီး ထိုနိုင်ငံရဲ့ ဥပဒေဟာလည်း နိုင်ငံခြားသားများကို ကာကွယ်စောင့်ရှောက်မှုပေးရမှာဖြစ်ပါတယ်။ မလေးရှားနိုင်ငံရှိ မြန်မာနိုင်ငံသားများရဲ့ အကျိုးစီးပွားကို မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံရုံးနှင့် စစ်သံရုံးတို့ကလည်း ဥပဒေနှင့်အညီ ရပ်တည်ကာ မိမိနိုင်ငံသားများဘက်က နစ်နာမှုမရှိစေရေးအတွက်ကို ကာကွယ်စောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရပါတယ်။ သို့ဖြစ်ပါ၍ မလေးရှားနိုင်ငံရောက် မြန်မာလူမျိုးများကို ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် နိုင်ငံခြားရေးဝန်ကြီးဌာန မလေးရှားနိုင်ငံ မြန်မာသံရုံးနဲ့ စစ်သံရုံးတို့မှ မလေးရှားနိုင်ငံ

နိုင်ငံခြားရေးဝန်ကြီးဌာန မလေးရှားနိုင်ငံ မြန်မာသံရုံးနဲ့ စစ်သံရုံးတို့မှ မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာနှင့် ကောင်စစ်ရေးရာဌာန အကြီးအကဲများထံ တွေ့ဆုံပြီး ညှိနှိုင်းပေါင်းစပ်ပြီး သံတမန်ရေးနည်းလမ်းအရ ကူညီပြီးဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ နိုင်ငံဖြတ်ကျော်မှုခင်းဌာနကလည်း မလေးရှားနိုင်ငံ အပြည်ပြည်ဆိုင်ရာ ရဲတပ်ဖွဲ့၊ အာဆီယံရဲအဖွဲ့အတွင်းရေးမှူးရုံး၊ မလေးရှားနိုင်ငံ ရဲတပ်ဖွဲ့တို့နဲ့ ဆက်သွယ်ပူးပေါင်းပြီး နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်လေးစားမှုတို့အရ ကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြန်လည် ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ ဒေါက်တာအေးမောင် တို့ ဖြစ်စဥ်ဖြစ်တဲ့အချိန်မှာကတည်းက ကျွန်တော်စဥ်းစားတာရှိပါတယ်။ ဒါကတော့ လွှတ်တော်အနေနဲ့ လွှတ်တော်ချင်း လွှတ်တော်ဥက္ကဋ္ဌ စာရေးဖို့ပေါ့ စာရေးပြီးတော့ ဒီဖြစ်စဥ်တွေ ဖြစ်နေပါတယ်။ ဒါတွေကတော့ ဖြစ်သင့်ဖြစ်ထိုက်သလောက်ပဲ ဖြစ်ဖို့ သူတို့ရဲ့ ဥပဒေကို မလိုက်နာတာမဟုတ်ပါဘူး။ ဥပဒေဘောင်အတွင်းက အကာအကွယ်ရဖို့ပေါ့။ အခုလည်း လွှတ်တော်အခွင့်အရေး ကော်မတီကနေပြီးတော့ အချက်အလက်တွေ ရှာဖွေပါ။ ကျွန်တော်တို့ Internet, Facebook က တွေ့တဲ့ ကိစ္စတွေက မှန်လားမသိ၊ မှားလားမသိ၊ ကိုယ့်လူ လွန်လားမသိ၊ သူ့လူ လွန်လားမသိ ဖြစ်နေတဲ့အခါကျတော့ လွှတ်တော်အခွင့်အရေးကော်မတီအနေနဲ့ ပြည်ထဲရေးဝန်ကြီးဌာနရယ်၊ အလုပ်သမားရေးရာဝန်ကြီးဌာနရယ်၊ ဒါတွေနဲ့ သက်ဆိုင်တဲ့ ဆက်စပ်ဝန်ကြီးဌာနတွေ ဖိတ်ခေါ်ပြီးတော့ ဖြစ်စဥ်တွေ အသေးစိတ်စိစစ်ပါ။ စိစစ်ပြီးတော့ ခုနက ဒေါက်တာအေးမောင် ဖြစ်စဥ်မျိုးနဲ့ ပတ်သက်လို့ စစ်ဆေး တွေ့ရှိချက်တွေလည်း ပြည်ထဲရေးက အကူအညီပေးပါ။ ဒါတွေ ဖော်ပြပြီးတော့ စာကြမ်းတစ်စောင် ပြုစုပါ။ ပြုစုပြီး ကျွန်တော်တို့ လက်မှတ်ရေးထိုးပြီးတော့ လွှတ်တော်ဥက္ကဋ္ဌ အချင်းချင်းအနေနဲ့ ဒါမျိုးကို ကျွန်တော်တို့ အရေးဆိုတဲ့စာ ပေးပို့ဖို့ လိုအပ်ပါတယ်။ မြန်မြန်လေးဆောင်ရွက်ဖို့ လိုပါတယ်။

**ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ၁၉၆၀ ပြည့်နှစ်၊ ကျေးလက်စီးပွားရေး တိုးတက်ဖွံ့ဖြိုးမှု ရန်ပုံငွေအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဥ်းစားရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၁း၀၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဥ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၄၊ နည်းဥပဒေခွဲ(က) အရ ၁၉၆၀ ပြည့်နှစ်၊ ကျေးလက်စီးပွားရေး တိုးတက်ဖွံ့ဖြိုးမှု ရန်ပုံငွေ အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဥ်းစားရန် အဆိုကို ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အမျိုးသား လွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၆။**

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ။ ၁၉၆၀ ပြည့်နှစ်ကျေးလက်စီးပွားရေး တိုးတက်ဖွံ့ဖြိုးမှု ရန်ပုံငွေ

အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျွန်တော် ဗိုလ်မှူးချုပ် ကျော်ဇံမြင့်က အဆိုတင်သွင်းသွားမှာ ဖြစ်ပါတယ်။

၁၉၆၀ ပြည့်နှစ် ကျေးလက်စီးပွားရေး တိုးတက်ဖွံ့ဖြိုးမှု ရန်ပုံငွေ အက်ဥပဒေအား ၁၉၆၀ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်နေ့မှာ အက်ဥပဒေအမှတ် (၃၇) ဖြင့် ပြဋ္ဌာန်းခဲ့ပြီး ပုဒ်မ (၇)ခု ပါဝင်ပါတယ်။ ယင်းအက်ဥပဒေသည် တိုင်းဒေသကြီး၊ ပြည်နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးများ ယခင် အခေါ်အဝေါ် တိုင်းမင်းကြီးများမှ တိုင်းဒေသ အသီးသီးအတွက်လည်း ဆည်မြောင်းဌာန မြေယာကြီးပွားတိုးတက်ရေးကော်ပိုရေးရှင်း အလားတူ အစိုးရဌာနများနဲ့ ကိုယ်စားလှယ်ဌာနများမှ လိုအပ်သည့်စီမံချက်များ မဆောင်ရွက်နိုင်သော ကျေးလက်ဒေသများတွင် ကောက်ပဲသီးနှံ စိုက်ပျိုးရေးနှင့် ကောက်ပဲသီးနှံများမဟုတ်သော ပစ္စည်းများထုတ်လုပ်ရေး တိုးတက်လာစေရန် အတွက်လည်းကောင်း ကျေးလက်စီးပွားရေး တိုးတက်ကောင်းမွန်လာစေရန်အတွက်လည်းကောင်း ရန်ပုံငွေ တည်ထောင်၍ စီမံခန့်ခွဲဆောင်ရွက်ရန် ပြဋ္ဌာန်းထားသော ဥပဒေတစ်ရပ်ဖြစ်ပါတယ်။

ယင်းဥပဒေကို ရုပ်သိမ်းသင့်သည့် အကြောင်းအရာများကတော့ ဤအက်ဥပဒေအရ တိုင်းဒေသကြီးအတွက် ပြည်နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူးများ အခေါ်အဝေါ် တိုင်းမင်းကြီးများက တိုင်းအသီးသီးအတွက်ကို စီးပွားရေး တိုးတက်ဖွံ့ဖြိုးမှု ရန်ပုံငွေကိုထူထောင်၍ စီမံခန့်ခွဲရန် ပြဋ္ဌာန်းထားသောဥပဒေဖြစ်သော်လည်း လက်ရှိအခြေအနေတွင် အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနအနေဖြင့် အဆိုပါ ဥပဒေဟာ ကိုင်တွယ်ကျင့်သုံးဆောင်ရွက်မှု မရှိခြင်း၊ ဤအက်ဥပဒေ ပုဒ်မ ၆ ၌ ယင်းအက်ဥပဒေအရ ဖြစ်စေ၊ ယင်းအက်ဥပဒေအရ ပြုလုပ်သည့် နည်းဥပဒေများအရ ဖြစ်စေ၊ ထုတ်ပေးသည့် စရိတ်စက ဟူသမျှကိုလည်းကောင်း ထိုစရိတ်စက အပေါ်တွင် တောင်းခံနိုင်သည့် အတိုးများရှိလျှင် ထိုအတိုးအားလုံးကိုလည်းကောင်း၊ ထိုစရိတ်စကနှင့် အတိုးကို တောင်းခံရာတွင် ကုန်ကျသည့် စရိတ်များရှိလျှင် ထိုစရိတ်များကိုလည်းကောင်း၊ ခရိုင်ဝန်က အကျိုးခံစားခွင့်ရှိသူ သို့တည်းမဟုတ် ၎င်း၏ခံဝန်သူများထံမှဖြစ်စေ၊ အကျိုးခံစားခွင့်ရှိသူ သို့တည်းမဟုတ် ခံဝန်သူများပိုင် ပစ္စည်းများအထဲမှဖြစ်စေ ၎င်းအားပေးဆောင်ရန်ရှိသည့် အခွန်တော်မပြေ ကျန်ငွေ ဖြစ်ဘိသကဲ့သို့အရ တောင်းခံရမည်ဟူသော ပြဋ္ဌာန်းချက်အပါအဝင် ကျန်ဥပဒေပါ ပြဋ္ဌာန်းချက်များသည် လက်ရှိခေတ် အခြေအနေအရ အုပ်ချုပ်ရေး အဖွဲ့အစည်းများအနေဖြင့် ကိုင်တွယ်ဆောင်ရွက်မည်ဆိုပါက စီမံခန့်ခွဲမှုဆိုင်ရာ ရှုပ်ထွေးမှုများ ဖြစ်ပေါ်လာနိုင်ခြင်း၊ ယင်းဥပဒေ ပုဒ်မ ၈ ပုဒ်မခွဲ ၂ (က) (ခ) တွင်ဖော်ပြထားသော သီးစားချထားရေး အက်ဥပဒေနဲ့ ထိုအက်ဥပဒေအရ ပြုလုပ်သည့် နည်းဥပဒေများအရ အခွင့်အရေးများကို ပျက်ကွက်သူအား နောင်လာမည့် လယ်ယာစိုက်ပျိုးချိန်တွင် မပေးဘဲ ငြင်းပယ်ရန် သော်လည်းကောင်း၊ လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေနှင့် နည်းဥပဒေများ အရ ခွင့်ပြုထားသော အခွင့်အရေးများအနက် မြေကို လက်ရှိထားနိုင်ခွင့်နှင့် လုပ်ကိုင်နိုင်ခွင့်မှအပ အခြားကျန်ရှိသော အခွင့်အရေးများကို ပျက်ကွက်သူထံမှ ရုပ်သိမ်းရန်သော်လည်းကောင်း အရေးယူဆောင်ရွက်နိုင်သည်ဟု ပြဋ္ဌာန်းချက်များအရ လယ်ယာမြေနှင့်သက်ဆိုင်သည့် ဥပဒေများ ဖြစ်သော သီးစားချထားရေးဥပဒေ၊ လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေတို့သည် ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေအရ ပယ်ဖျက်ပြီး ဖြစ်တဲ့အတွက် ခေတ်နဲ့လျော်ညီမှုမရှိခြင်း၊ မြန်မာနိုင်ငံတွင် တောင်သူလယ်သမားများအား စိုက်ပျိုးစရိတ်ချေးငွေများကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန မြန်မာ့လယ်ယာ ဖွံ့ဖြိုးမှုဘဏ်မှ နှစ်စဉ်ထုတ်ပေးလျက်ရှိတဲ့အတွက် ဤဥပဒေပါ ရန်ပုံငွေမှ

ဖြစ်ပေါ်သည့် ချေးငွေများနှင့်ရှုပ်ထွေးလာနိုင်ခြင်း၊ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနတွင် ၁၉၇၇ ခုနှစ် ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေနှင့် ပတ်သက်၍ လုပ်ငန်းပိုင်းနှင့် ငွေစာရင်း ပိုင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများအရ တိုင်းဒေသကြီး၊ ပြည်နယ် ဘဏ္ဍာရန်ပုံငွေမှ ခွဲဝေချထားငွေနှင့် ဒေသခံပြည်သူများ၏ ထည့်ဝင်ငွေများကို ပေါင်းစပ်ကာ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနအဆင့်ဆင့်မှ ကိုင်တွယ်၍ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများဖြစ်သည့် စီးပွားရေး ဖွံ့ဖြိုးမှုလုပ်ငန်းများ၊ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ၊ ကျန်းမာရေးလုပ်ငန်းများ၊ ပညာရေး လုပ်ငန်းများ၊ အခြားစီးပွားရေးနှင့် လူမှုရေးဆိုင်ရာလုပ်ငန်းများကို တိုင်းဒေသကြီးပြည်နယ် အစိုးရ အဖွဲ့ရဲ့ အနီးကပ်ကြီးကြပ်မှုနှင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေခြင်း၊ ၁၉၇၇ ခုနှစ် ကျေးလက် ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေနှင့်ပတ်သက်၍ လုပ်ငန်းပိုင်းနှင့် ငွေစာရင်းပိုင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် ၁၉၆၀ ပြည့်နှစ် ကျေးလက်စီးပွားရေး တိုးတက်ဖွံ့ဖြိုးမှု ရန်ပုံငွေ အက်ဥပဒေ တို့သည် ကွဲပြားခြားနားမှု ရှိကြောင်း အဆိုပါ အက်ဥပဒေအရ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ရန်ပုံငွေနှင့်ပတ်သက်၍ လုပ်ငန်းပိုင်းနှင့် ငွေစာရင်းပိုင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းကို ပြဋ္ဌာန်းခဲ့ခြင်း မဟုတ်ကြောင်း အဆိုပါ ကျေးလက်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေနှင့်ပတ်သက်၍ လုပ်ငန်းပိုင်းနှင့် ငွေစာရင်းပိုင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း ၁၉၇၇ ကို အပိုင်း နှစ်ပိုင်းဖြင့် ပြဋ္ဌာန်းခဲ့ပြီး အပိုင်း (၁) တွင် လုပ်ငန်းပိုင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် အပိုင်း (၂) တွင် ငွေစာရင်းပိုင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းဟု အပိုဒ် (၆၄) ပိုဒ်၊ ပုံစံဇယား (၁၂) ခုဖြင့် ပြဋ္ဌာန်းခဲ့ရာ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၁၃၂ (ဇ) တွင် ပြဋ္ဌာန်းချက်အရ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ပြည်သူ့ကောင်စီအဆင့်ဆင့်၏ ချမှတ်ဦးဆောင် တာဝန်ယူမှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရန်အတွက် ၁၉၇၄ ခုနှစ် မေလ ၁ ရက်နေ့မှာ ယင်းလုပ်ထုံးလုပ်နည်းအား ပြဋ္ဌာန်းခဲ့ရာမှ ပြောင်းလဲလာသည့် ခေတ်ကာလ အခြေအနေအရပ်ရပ်နှင့် လိုက်လျောညီထွေမှုရှိစေရန် ပြင်ဆင်သတ်မှတ်ပေးရန် လိုအပ်လာတဲ့ အတွက် ၁၉၇၇ ခုနှစ်တွင် ပြောင်းလဲပြင်ဆင်၍ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးရန်ပုံငွေနှင့် ပတ်သက်၍ လုပ်ငန်းပိုင်းနှင့် ငွေစာရင်းပိုင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း ၁၉၇၇ ဟု ပြောင်းလဲခေါ်ဝေါ်ပြဋ္ဌာန်း ခဲ့ခြင်းသာ ဖြစ်ကြောင်း တွေ့ရပါတယ်။ သို့ဖြစ်ပါ၍ ၁၉၆၀ ပြည့်နှစ် ကျေးလက်စီးပွားရေး တိုးတက် ဖွံ့ဖြိုးမှု ရန်ပုံငွေအက်ဥပဒေသည် ခေတ်ကာလအခြေအနေနှင့် ကိုက်ညီမှု မရှိသဖြင့် ရုပ်သိမ်း သင့်သည့် ဥပဒေ ဖြစ်ပါကြောင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ကို လိုက်နာဆောင်ရွက် သွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

**အချိန်၊ ၁၁း၁၃။**

**ဥက္ကဋ္ဌ။** ။အဆိုကိုထောက်ခံမယ့်လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၁၃။**

**ဦးနု၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဒုတိယဝန်ကြီးက ၁၉၆၀ ပြည့်နှစ် ကျေးလက် စီးပွားရေး တိုးတက်ဖွံ့ဖြိုးမှုအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းခြင်းနှင့် ပတ်သက်၍ ရန်ကုန်တိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၀) မှ ကျွန်တော် ဦးနုက ထောက်ခံအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၁၄။**

**ဥက္ကဋ္ဌ။** ။ ၁၉၆၀ ပြည့်နှစ်၊ ကျေးလက်စီးပွားရေး တိုးတက်ဖွံ့ဖြိုးမှုရန်ပုံငွေ အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ၁၉၆၀ ပြည့်နှစ်၊ ကျေးလက် စီးပွားရေး တိုးတက်ဖွံ့ဖြိုးမှု ရန်ပုံငွေ အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား လက်ခံ ဆွေးနွေးစဉ်းစားရန် သင့်/မသင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၁၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၁၉၆၀ ပြည့်နှစ်၊ ကျေးလက် စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုရန်ပုံငွေ အက်ဥပဒေကိုရုပ်သိမ်းသည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် က ဆွေးနွေးစဉ်းစားရန် သင့် / မသင့် လွှတ်တော်ရဲ့ သဘောထား ရယူမှာဖြစ်ပါတယ်။

၁၉၆၀ ပြည့်နှစ်၊ ကျေးလက်စီးပွားရေး တိုးတက်ဖွံ့ဖြိုးမှု ရန်ပုံငွေ အက်ဥပဒေကို ရုပ်သိမ်း သည့် ဥပဒေကြမ်းကို ဆွေးနွေး စဉ်းစားရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် ၁၉၆၀ ပြည့်နှစ်၊ ကျေးလက်စီးပွားရေး တိုးတက်ဖွံ့ဖြိုးမှု ရန်ပုံငွေ အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေး စဉ်းစားရန် ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ၁၉၆၀ ပြည့်နှစ်၊ ကျေးလက်စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုရန်ပုံငွေ အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၁း၁၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ၁၉၆၀ ပြည့်နှစ်၊ ကျေးလက် စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှု ရန်ပုံငွေအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို ဆွေးနွေးမယ့် လွှတ်တော် ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၁၈-၉-၂၀၁၄ (ကြာသပတေးနေ့)ထက်နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ် ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အချိန်၊ ၁၁း၁၅။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို (၁၁း၁၅)နာရီအချိန်တွင် ရပ်နားပြီး (၁၁း၃၀) နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၃၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၏ ရခိုင်ပြည်နယ်၌ ရခိုင်လူမျိုးများ နေပျော်လာအောင် အမျိုးသားရေးတာဝန် တစ်ရပ်အနေဖြင့် အခြေအနေအရပ်ရပ်ကို ဖန်တီးဖော်ဆောင်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်းဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၁း၃၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ က ရခိုင်ပြည်နယ်၌ ရခိုင်လူမျိုးများ နေပျော်လာအောင် အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် အခြေအနေအရပ်ရပ်ကို ဖန်တီးဖော်ဆောင်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမ ပုံမှန်အစည်းအဝေး ၂၃-၆-၂၀၁၄ ရက်နေ့မှာ အဆိုတင်သွင်းပြီး ၁-၇-၂၀၁၄ ရက်နေ့မှာ ကိုယ်စားလှယ် (၅)ဦး ဆွေးနွေးခဲ့ပါတယ်။

ယခုအဆိုနှင့်စပ်လျဉ်းပြီး နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ပြန်လည် ဆွေးနွေးရန်ရှိက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၃၃။**

**ဗိုလ်ချုပ်တင်အောင်ချစ် (ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနဲ့ ပြည့်စုံပါစေကြောင်း ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ အတွင်းရေးမှူး ဗိုလ်ချုပ် တင်အောင်ချစ် ဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေ၏ ရခိုင်ပြည်နယ်၌ ရခိုင်လူမျိုးများ နေပျော်လာအောင် အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် အခြေအနေအရပ်ရပ်ကို ဖန်တီးဖော်ဆောင်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုနှင့်စပ်လျဉ်း၍ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ ကိုယ်စား ကျွန်တော်မှ ရှင်းလင်းတင်ပြသွားပါမယ်။

ရခိုင်ပြည်နယ်တွင် ခရိုင်(၅)ခု၊ မြို့နယ်(၁၇)မြို့နယ်၊ မြို့(၂၄)မြို့၊ ရပ်ကွက်(၁၃၈)ရပ်ကွက်၊ ကျေးရွာအုပ်စု(၁၀၃၆)အုပ်စု၊ ကျေးရွာ(၃၇၆၀)ရွာနဲ့ ဖွဲ့စည်းထားရှိပြီး လူဝင်မှုကြီးကြပ်ရေးနဲ့ ပြည်သူ့

အင်အား ဝန်ကြီးဌာနရဲ့ နောက်ဆုံးစာရင်းအရ အိမ်ထောင်စု(၅၃၂၀၇၄)စု၊ လူဦးရေ(၃၁၈၈၉၆၃)ဦးရှိပြီး ရခိုင်တစ်ပြည်နယ်လုံးတွင် တိုင်းရင်းသားလူဦးရေပေါင်း(၂၀၉၈၉၆၃)ဦး၊ ခန့်မှန်း ဘင်္ဂါလီ (၁၀၉၀၀၀၀)ဦး နေထိုင်လျက်ရှိပါတယ်။ ရခိုင်ပြည်နယ် အတွင်း ရခိုင်လူမျိုးများ နေပျော်လာစေရန်ဆိုတဲ့နေရာမှာ ဒေသတွင်းတည်ငြိမ်အေးချမ်းခြင်း၊ ကောင်းမွန်စိတ်ချရသည့် လူမှုလုံခြုံရေးစနစ်ရှိခြင်း၊ ကောင်းမွန်သော လမ်းပန်းဆက်သွယ်ရေး၊ လိုအပ်ချက်နှင့်ပြည့်စုံသည့် ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အခြေခံ အဆောက်အအုံများပြည့်စုံမှု၊ လူတစ်ဦးချင်းမှသည် မိသားစုအဆင့်အထိ လုံလောက်သောဝင်ငွေနှင့် အသက်မွေးဝမ်းကြောင်းဆိုင်ရာ အလုပ်အကိုင် အခွင့်အလမ်းပေါများခြင်း၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာ အခြေအနေများ ဖြစ်ထွန်းလာစေခြင်း၊ သဟဇာတဖြစ်သည့် လူ့အသိုက်အဝန်းများ ရှိခြင်း စသည်တို့နဲ့ ပြည့်စုံမှသာ ဒေသခံပြည်သူများ နေပျော်မှာဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပါတယ်။

ပြည်ထောင်စုအစိုးရအနေဖြင့် ပြုပြင်ပြောင်းလဲရေးမူဝါဒများ အဆင့်ဆင့်ချမှတ် အကောင် အထည်ဖော် ဆောင်ရွက်လျက်ရှိရာ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့မှ ရခိုင်ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်စေရေးအတွက် ယနေ့အထိ စုစုပေါင်းမြေလမ်း (၄၈၆)မိုင်(၇)ဖာလုံ၊ ကျောက်လမ်း(၅၂၉)မိုင် (၅)ဖာလုံ၊ ကွန်ကရစ်လမ်း(၈၀)မိုင်(၁) ဖာလုံ၊ ကတ္တရာလမ်း(၇၁၁)မိုင်(၂)ဖာလုံ၊ သစ်သားနှင့် ကွန်ကရစ်တံတား စုစုပေါင်း(၁၂၃၃)စင်း၊ ရေပြွန် (၁၄၁)စင်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးဝန်ကြီးဌာနအနေနဲ့ သက်ဆိုင်ရာအစိုးရအဖွဲ့၊ နိုင်ငံတကာ အဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး ပညာရေးကဏ္ဍအတွက်လည်း အ.မ.က (၂၆၀၄)ကျောင်း၊ အ.လ.က(၁၅၁)ကျောင်း၊ အ.ထ.က(၉၆)ကျောင်းနဲ့ ဆရာ၊ ဆရာမ စုစုပေါင်း(၁၅၅၉၄)ဦး ခန့်ထားပြီး ရခိုင်ပြည်နယ်အတွင်း ပညာရေးအခန်းကဏ္ဍတိုးတက်စေရေး စီမံဆောင်ရွက်ပေးလျက် ရှိကြောင်း သိရှိရပါတယ်။ ကျန်းမာရေးကဏ္ဍအနေဖြင့် ရခိုင်ပြည်နယ်အတွင်း ကျေးလက်ကျန်းမာရေး ဌာန(၁၃၇)ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ(၅၂၀)ခု၊ ဆေးရုံ(၅၆)ရုံနဲ့ ကျန်းမာရေးဝန်ထမ်းစုစုပေါင်း (၁၉၅၈)ဦးဖြင့် ရောဂါကြိုတင်ကာကွယ်ရေး၊ ရောဂါတိုက်ဖျက်ရေးနှင့် ကုသရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ထို့အပြင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး ကျန်းမာရေး အသိပညာပေးခြင်း၊ ကြိုတင်ကာကွယ်ခြင်းနှင့် ရောဂါတိုက်ဖျက်ရေး လုပ်ငန်းများကိုလည်း တိုးမြှင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရပါတယ်။ ရခိုင်ပြည်နယ်အတွင်း တိုင်းရင်းသားပြည်သူများရဲ့ လူနေမှုအဆင့်အတန်းမြင့်မားလာစေရေး၊ အလုပ်အကိုင် အခွင့်အလမ်းပေါ်ထွန်းလာစေရေး၊ လူမှုစီးပွား ဘဝဖွံ့ဖြိုးတိုးတက်လာစေရေး တို့ကိုရည်ရွယ်ပြီး ပြည်ထောင်စုအစိုးရ၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့ အစီအစဉ်ဖြင့် ရခိုင်ပြည်နယ်အတွင်း ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများ ချမှတ်အကောင် အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ပုဏ္ဏားကျွန်း စက်မှုဇုန်စီမံကိန်းတွင် အထည်ချုပ်လုပ်ငန်း၊ စားသောက်ကုန်လုပ်ငန်းများ၊ လူသုံးကုန်လုပ်ငန်းများ၊ လျှပ်စစ်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်းများ၊ ဓာတုဗေဒလုပ်ငန်းများ၊ ပလပ်စတစ်ထုတ်လုပ်ငန်းများ၊ သစ်နှင့်ပရိဘောဂစက်ရုံ၊ ပုံနှိပ်နှင့်စက္ကူ လုပ်ငန်းများ၊ ယာဉ်နှင့်အပိုပစ္စည်းလုပ်ငန်းများ၊ ဆန်စက်နှင့် အမှုန့်ကြိတ်စက်ရုံ၊ အအေးခန်းစက်ရုံ၊ ရေနှင့်ရေထွက်ပစ္စည်းစက်ရုံများ ပါဝင်မှာဖြစ်ပြီး ပုဏ္ဏားကျွန်း စက်မှုဇုန်စီမံကိန်းကို မြေဧရိယာ (၁၈၃၃.၁၅)ဧကတွင် စီမံကိန်းတန်ဖိုးကျပ်(၇၄.၈၀၆)ဘီလီယံဖြင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ အစီအစဉ် ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။

ရသေ့တောင်မြို့နယ်၊ ဘူးသီးတောင်မြို့နယ်တို့အား ဆက်သွယ်ဖောက်လုပ်မည့် မော်တော်ကားလမ်းသည် ရသေ့တောင်မြို့မှ(၉)မိုင်ခန့်အကွာ ဩရမ တောင်တန်းရဲ့ အနောက်မြောက်ဘက်ဧရိယာ (၁၅၆၄၁)ဧကတွင် ရသေ့တောင် စိုက်ပျိုးရေးနှင့် မွေးမြူရေးဇုန်ကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါတယ်။ ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံကိန်းကို ကျောက်ဖြူမြို့ရဲ့ အရှေ့တောင်ဘက် (၃.၈)မိုင်အကွာ ဧရိယာ(၁၂၈၅)ဧကေ၌ အကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ပြီး လုပ်သားအခြေပြုစက်ရုံများဖြစ်သည့် အထည်ချုပ်စက်ရုံ၊ ငါး၊ ပုစွန် ပြုပြင် ထုပ်ပိုးအေးခဲခြင်းစက်ရုံ၊ အခြားအသေးစား စက်မှုလုပ်ငန်းနဲ့ အကြီးစားစက်မှု လုပ်ငန်းများကိုလည်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ တင်ဒါခေါ်ယူ၍ အကောင်အထည်ဖော် ဆောင်ရွက်ရန် စီမံဆောင်ရွက်လျက်ရှိပါတယ်။ အလားတူ စစ်တွေ၊ မြောက်ဦး၊ ကျောက်ဖြူ၊ သံတွဲ ဒေသများတွင် ဟိုတယ်နှင့်ခရီးသွားလာရေး စီမံကိန်း ပိုမိုဖြစ်ထွန်းအောင်မြင်စေရေးအတွက်လည်းကောင်း၊ ဒေသခံတိုင်းရင်းသားများ၏ အလုပ်အကိုင် အခွင့်အလမ်းနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဟိုတယ်ဇုန်များ ဖော်ထုတ်၍ ကမ်းခြေနှင့် အပန်းဖြေဒေသခရီးစဉ်၊ ယဉ်ကျေးမှုနှင့်သက်ဆိုင်သော ဒေသခရီးစဉ်၊ သဘာဝအခြေခံ ခရီးစဉ်များ စသည့်လုပ်ငန်းစဉ်များကို သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့မှ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ကြောင်း သိရှိရပါတယ်။ မြောက်ဦး ရှေးဟောင်းယဉ်ကျေးမှုရုံးကိုလည်း ရှေးဟောင်းအဆောက်အအုံများ ရှေးမူမပျက် ပြန်လည်ပြုပြင်ခြင်း၊ မတူးဖော်ရသေးသော ရှေးဟောင်း စေတီပုထိုးများ၊ ယဉ်ကျေးမှုပစ္စည်းများကို စဉ်ဆက်မပြတ်ဖော်ထုတ်ခြင်း၊ မြောက်ဦးရှိ ရှေးဟောင်းယဉ်ကျေးမှုပြတိုက်အား ခန့်ညားထည်ဝါစွာ တိုးချဲ့တည်ဆောက်ပြီး ရှေးဟောင်းပစ္စည်းမျိုးစုံကို ခင်းကျင်းပြသခြင်းဖြင့် နိုင်ငံတကာမှ ခရီးသွားဧည့်သည်များ လာရောက်မှုကို ဆွဲဆောင်နိုင်မှာဖြစ်ပါတယ်။ အလားတူ ခရီးသွားမှုလုပ်ငန်းအတွက် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဆိုင်ရာ လွတ်ကင်းသည့် မြောက်ဦးမြို့၊ ထမ္မရာဇ် ရပ်ကွက်တွင် ဟိုတယ်ဇုန် စီမံကိန်းကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများက အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရှိရပါတယ်ခင်ဗျား။

ထို့အတူ ဒေသခံတိုင်းရင်းသားပြည်သူများရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းများရဲ့ အဓိကအခန်းကဏ္ဍတွင် ပါဝင်နေသော လျှပ်စစ်ဓာတ်အား လုံလောက်စွာဖြန့်ဖြူးပေးနိုင်ရေးအတွက် သံတွဲမြို့ရဲ့ အရှေ့မြောက်ဘက်(၁၂)မိုင်ခန့်အကွာ သူငွေးချောင်းပေါ်မှာ နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီ (၃၈၆)သန်း ထုတ်လုပ်နိုင်မယ့် သူငွေးချောင်းရေအားလျှပ်စစ် စီမံကိန်းကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ၂၀၁၈-၂၀၁၉ ခုနှစ်တွင် စီမံကိန်းပြီးစီးမည်ဖြစ်ကြောင်း သိရှိရပါတယ်။ ရခိုင်ပြည်နယ်တစ်ခုလုံး လွှမ်းခြုံပြီး လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးနိုင်ရေးအတွက် မန်း-အမ်း(၂၃၀)ကေဗွီ ဓာတ်အားလိုင်း၊ အမ်း-မြောက်ဦး-ပုဏ္ဏားကျွန်း (၂၃၀)ကေဗွီ ဓာတ်အားလိုင်း၊ ဥသျှစ်ပင်- တောင်ကုတ် (၂၃၀)ကေဗွီဓာတ်အားလိုင်း၊ တောင်ကုတ်- မအီ (၂၃၀)ကေဗွီဓာတ်အားလိုင်း၊ မအီ- ကျောက်ဖြူ(၂၃၀)ကေဗွီဓာတ်အားလိုင်း များကိုလည်း သက်ဆိုင်ရာ ဝန်ကြီးဌာနမှ စနစ်တကျစီမံကိန်းချမှတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါဓာတ်အားလိုင်း စီမံကိန်းများ ပြီးစီးသည့် ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလတွင် ရခိုင်ပြည်နယ်အတွင်း အမ်း၊ တောင်ကုတ်၊ သံတွဲ၊ ရမ်းဗြဲ၊ ကျောက်ဖြူ၊ ပုဏ္ဏားကျွန်း၊ စစ်တွေ၊ မြောက်ဦး၊ မင်းပြား၊ ကျောက်တော်နဲ့ မအီမြို့များဟာ လျှပ်စစ်ဓာတ်အားရရှိမှာဖြစ်ပြီး ပေါက်တော၊ မြေပုံ၊ ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တော၊

ဝွ၊ ကျိန္တလီမြို့များ မီးလင်းရေးအတွက် ဆက်လက်ဆောင်ရွက် အကောင်အထည်ဖော်သွားမှာ ဖြစ်ကြောင်း သိရှိရပါတယ်။

ထို့အတူ နှစ်နိုင်ငံအစိုးရများ ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် မြန်မာ၊ အိန္ဒိယနိုင်ငံများရဲ့ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုလားတန်မြစ်ကြောင်း သယ်ယူပို့ဆောင်ရေး ဘက်စုံစီမံကိန်း ကိုလည်း ဆောင်ရွက်လျက်ရှိရာ တန်ချိန်(၆၀၀၀) ရေယာဉ်များ ဝင်ထွက်နိုင်မည့် စစ်တွေရေနက်ဆိပ်ကမ်း တည်ဆောက်ခြင်း၊ ဆိပ်ခံတံတားများတည်ဆောက်ခြင်း၊ စစ်တွေမှ ပလက်ဝအထိ ကုလားတန်မြစ်ကြောင်း တစ်လျှောက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသဖြင့် အနာဂတ်ကာလတွင် ရခိုင် တိုင်းရင်းသားများအတွက် စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ ကုန်စည်ကူးသန်းရောင်းဝယ်ရေး၊ အလုပ် အကိုင်အခွင့်အလမ်းများသာမက လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ကောင်းမွန်သည့် လူမှုအသိုက်အဝန်း ဖြစ်ထွန်းလာစေရေးအတွက် အလွန်ကောင်းမွန်သည့် အခွင့်အလမ်းများ ရရှိလာတော့မည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ထို့အပြင် ရခိုင်ပြည်နယ်၊ စစ်တွေမြို့မှ မကွေးတိုင်း မင်းဘူးမြို့တို့ကို ဆက်သွယ် ဖောက်လုပ်မယ့် (၂၉၉.၂၅)မိုင်ရှိ မင်းဘူး- အမ်း- စစ်တွေ ရထားလမ်းဖောက်လုပ်ရေး စီမံကိန်းကိုလည်း သက်ဆိုင်ရာဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ ရခိုင်ပြည်နယ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အထက်ဖော်ပြပါ စီမံကိန်းများအပြင် ပြည်ထောင်စုအစိုးရ၏ နိုင်ငံတော်ပြုပြင် ပြောင်းလဲရေး မူဝါဒနှင့်အညီ သက်ဆိုင်ရာဝန်ကြီးဌာန အသီးသီးမှလည်း ရခိုင်ပြည်နယ်အတွင်း သက်ဆိုင်ရာလုပ်ငန်း ကဏ္ဍများအလိုက် ပြည်ထောင်စုအစိုးရ ရန်ပုံငွေ၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေများဖြင့်သာမက ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့ အစည်းများနှင့်ပူးပေါင်း၍ ရခိုင်ပြည်နယ် ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍပေါင်းစုံတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါတယ်။ ထို့အပြင် ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များကို စနစ်တကျ အကောင်အထည်ဖော် အောင်မြင်စွာဆောင်ရွက် နိုင်စေရေးအတွက် ရခိုင်ပြည်နယ် တည်ငြိမ် အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီကို ဖွဲ့စည်း ဆောင်ရွက်ခဲ့ပြီး အဆိုပါ ဗဟိုကော်မတီဥက္ကဋ္ဌမှာ ဒုတိယသမ္မတ(၁)မှ ဆောင်ရွက်ပြီး ဒုတိယဥက္ကဋ္ဌများ အဖြစ် နယ်စပ် ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ရခိုင်ပြည်နယ် ဝန်ကြီးချုပ်တို့ဖြစ်ပြီး ဗဟိုကော်မတီ အတွင်းရေးမှူးအဖြစ် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးမှ တာဝန်ယူဆောင်ရွက်ပါတယ်။ အဖွဲ့ဝင် (၂၇)ဦးနဲ့ ဖွဲ့စည်းထားရှိပါတယ်။ ဗဟိုကော်မတီရဲ့ ကွပ်ကဲမှုအောက်တွင် လုပ်ငန်း ကော်မတီ(၆)ခုကို ဖွဲ့စည်းထားရှိပြီး ရခိုင်ပြည်နယ်အတွင်း လုံခြုံရေး၊ တရားဥပဒေ စိုးမိုးရေး၊ ဖွံ့ဖြိုးရေး၊ ပြန်လည်နေရာ ချထားရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး စသည့်လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် အကောင် အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

အဆိုပါလုပ်ငန်းကော်မတီများမှာ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌ အဖြစ်တာဝန်ယူတဲ့ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနဲ့ တရားဥပဒေစိုးမိုးရေး လုပ်ငန်းကော်မတီ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဥက္ကဋ္ဌအဖြစ် တာဝန်ယူတဲ့ နေရာချထားရေးနဲ့ ပြန်လည်ထူထောင်ရေး လုပ်ငန်းကော်မတီ၊ လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌ အဖြစ်တာဝန်ယူတဲ့ လူဝင်မှုကြီးကြပ်ရေးနဲ့ နိုင်ငံသားစိစစ်ရေးလုပ်ငန်း ကော်မတီ၊ စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက

ဥက္ကဋ္ဌအဖြစ် တာဝန်ယူတဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ် တာဝန်ယူတဲ့ ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနဲ့ ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းကော်မတီ၊ သမ္မတရုံးဝန်ကြီးဌာန(၅)၊ ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌ အဖြစ်တာဝန်ယူတဲ့ ဘက်စုံ မဟာဗျူဟာရေးဆွဲရေး လုပ်ငန်းကော်မတီတို့ ဖြစ်ပါတယ်။ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ အနေဖြင့် ရခိုင်ပြည်နယ်အတွင်း လုပ်ငန်းကော်မတီအသီးသီးရဲ့ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများအား၊ ရခိုင် Action Plan ရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အသေးစိတ်အခြေအနေများကို ပြည်ထောင်စုလွှတ်တော်တွင် ရှင်းလင်းတင်ပြရန် စီမံဆောင်ရွက်လျက် ရှိပါကြောင်း တင်ပြအပ်ပါတယ်။

မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှဆွေ ၏ ရခိုင်ပြည်နယ်၌ ရခိုင်လူမျိုးများနေပျော်လာအောင် အမျိုးသားရေး တာဝန် တစ်ရပ်အဖြစ် အခြေအနေအရပ်ရပ်ကို ဖန်တီးဖော်ဆောင်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုနှင့် စပ်လျဉ်း၍ တင်ပြပါအတိုင်း ပြည်ထောင်စုအစိုးရ၊ ရခိုင်ပြည်နယ် အစိုးရအဖွဲ့၊ ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသော်လည်း ရခိုင်ပြည်နယ်၏ ကဏ္ဍပေါင်းစုံ ဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပြည်ထောင်စု ဝန်ကြီးဌာနများ၊ ပြည်နယ်အစိုးရအဖွဲ့၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများကပါ အမျိုးသားရေးစိတ်ဓာတ်ဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ် ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၄၅။**

**ဥက္ကဋ္ဌ**။ ။ ရှင်းလင်းတင်ပြချက်က အလွန်ကောင်းမွန်ပါတယ်။ အဓိကအားဖြင့်တော့ ရခိုင်တိုင်းရင်းသားတွေ တစ်ဦးချင်းဝင်ငွေမြင့်မားရေးကိုသာ အလျှင်အမြန်ဆောင်ရွက်ပေးဖို့ လိုတာပေါ့။ တစ်ဦးချင်းဝင်ငွေ မြင့်မားလာလို့ရှိရင် နောက်ဆက်တွဲအနေနဲ့ အကျိုးတွေ အများကြီးရှိနိုင်တယ်။ တိုင်းရင်းသား လူဦးရေတိုးပွားနှုန်းကို မြင့်မားလာတာပေါ့။ တိုးပွားလာတဲ့ လူဦးရေမြင့်မားလာတာပေါ့။ မြင့်မားလာတဲ့လူဦးရေကို လူသားစွမ်းရည် မြင့်မားတဲ့၊ အရည်အချင်းမြင့်မားတဲ့ လူသား အရင်းအမြစ်တွေဖြစ်ဖို့၊ ဒါတွေကို စဉ်ဆက်မပြတ်ခံစားဖို့၊ ခံစားရဖို့ လိုပါတယ်။ အခုလုပ်နေတာလည်း ဦးတည်ချက်ကတော့ ဒါပါပဲ။ သို့သော် ဒါကိုထိထိရောက်ရောက် ပေါ့နော်၊ တစ်ဦးချင်းဝင်ငွေမြင့်မားအောင် ဘာလို့လည်းဆို ဆင်းရဲမှုရာခိုင်နှုန်းလည်းများတယ်။ များတဲ့အခါကျတော့ ဒီလုပ်ငန်းကို၊ တစ်ဦးချင်း ဝင်ငွေ မြင့်မားရေးကို ကိုယ်ကလုပ်တာနဲ့ ဆင်းရဲမှုက အဲဒီမှာ လျော့နည်းမှုက အရှိန်အဟုန်ရလာမယ်လို့ ယူဆပါတယ်။

**ဥက္ကဋ္ဌ**။ ။အဆိုရှင် ဦးလှဆွေ အနေနဲ့ ပြောစရာရှိလား။

**အချိန်၊ ၁၁း၄၈။**

**ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျက်သရေမင်္ဂလာ အဖြာဖြာနဲ့ ပြည့်စုံကြပါစေ။ ကျွန်တော် ဒီအဆိုကိုတင်တာကတော့ ကျွန်တော်တို့ ရက္ခိုတ အမျိုးကိုစောင့်ထိန်းသူလို့ ခေါ်တဲ့ ရခိုင်တိုင်းရင်းသားတွေကို ကျွန်တော်တို့က သူတို့ရှိနေလို့သာလျှင် ဒီနေရာကြီးဟာ စောင့်ထိန်းနိုင်တဲ့ အနေအထားဖြစ်တယ်။ သူတို့ကို ကျွန်တော်တို့က အားပေးရမယ်။ တည်ရှိနေတဲ့ ရခိုင် အနေအထားကနေ လျော့မသွားအောင်၊ ပိုပြီးတိုးပွားလာအောင်၊ ပိုပြီးကြီးပွားချမ်းသာလာအောင် လုပ်ပေးဖို့ လိုတယ်လို့ ကျွန်တော့်အနေနဲ့မြင်လို့ ဒီအဆိုကိုတင်ခြင်းဖြစ်ပါတယ်။

ဒါပေမဲ့ ဒီအဆိုကို တင်တဲ့အခါမှာ ကျွန်တော်တို့ ရခိုင်တိုင်းရင်းသားကြီး ဦးအုန်းတင်က အဆိုကို ရုပ်သိမ်းပေးဖို့ ပြောတာ ရှိပါတယ်။ အဲဒီတော့ ကျွန်တော် အမျိုးသားလွှတ်တော်ဥပဒေ ၁၄၀(က) မှာ အဆိုကို ရုပ်သိမ်းလိုလျှင် လွှတ်တော်၏ခွင့်ပြုချက်မရဘဲနဲ့ ရုပ်သိမ်းခွင့် မရှိပါဘူး။ နောက် ၁၄၀(ခ)မှာ ကိုယ်စားလှယ်တစ်ဦးဦးက ရုပ်သိမ်းရန် နှုတ်ဖြင့် ကန့်ကွက်လျှင်ပင် ရုပ်သိမ်းခွင့် မရှိဘူးလို့ ဖော်ပြထားတာ ဖြစ်တဲ့အတွက် ဒါ(၄)နှစ်တာ ကာလအတွင်းတောင် ရောက်ရှိလာပြီဖြစ်တဲ့အတွက် ဥပဒေတွေ၊ နည်းဥပဒေတွေ နည်းနည်းပြန်ပြီးတော့ လေ့လာဖို့လိုလိမ့်မယ်လို့ ကျွန်တော် ဆွေးနွေး လိုပါတယ်။

နောက်တစ်ချက်ကတော့ ကျွန်တော့်အဆိုကို ဆွေးနွေးခဲ့တဲ့ ဒေါက်တာအေးမောင်က ကျွန်တော်ဟာ၊ ဒီအဆိုဟာ ဗိုလ်ချုပ်မောင်မောင်အုန်း ဝန်ကြီးချုပ် အဖြစ် လက်ခံလာအောင် တပ်ရယ်၊ အစိုးရရယ်၊ ဦးလှဆွေရယ် ပေါင်းပြီးတော့ Lobby လုပ်တဲ့ အဆိုဖြစ်တယ်လို့ ဆွေးနွေးချက်ထဲမှာ ပြောဆိုတာနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်ဟာ (၄)နှစ်တာကာလအတွင်းမှာ အဆိုတွေ၊ မေးခွန်းတွေ အားလုံး ဘယ်အစိုးရအဖွဲ့၊ ဘယ်တပ်မတော်၊ ဘယ်ပါတီကတောင်မှ တင်ခိုင်းတာ တစ်ခုမှမရှိဘဲနဲ့ မိမိကိုယ်ပိုင် အယူအဆဖြင့်သာ ဒေသဖွံ့ဖြိုးရေးအတွက် တင်ပြတာဖြစ်ကြောင်း ဥက္ကဋ္ဌကြီးကို ရှင်းလင်း တင်ပြအပ်ပါတယ်။

ဒါကြောင့်မို့လို့ ဒီအမျိုးဂုဏ်၊ ဇာတိဂုဏ် စောင့်ထိန်းနေတဲ့ တိုင်းရင်းသားများ ဒေသဖွံ့ဖြိုးရေး အတွက် ကျွန်တော့်ရဲ့အဆိုကို လွှတ်တော်ရဲ့ အဆုံးအဖြတ်ခံယူသွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၅၀။**

**ဥက္ကဋ္ဌ။** ။ရခိုင်ပြည်နယ်၌ ရခိုင်လူမျိုးများ နေပျော်လာအောင် အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် အခြေအနေအရပ်ရပ်ကို ဖန်တီးဖော်ဆောင်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို အတည်ပြုရန် သဘောတူ၊ မတူ လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူပါမယ်။

လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူရာတွင် အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ်(၁)အရ စက်ခလုတ် အသုံးပြု၍ လျှို့ဝှက်စွာဆန္ဒပြုတဲ့ နည်းလမ်း နဲ့ ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။ ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

ထောက်ခံ (၁၅၂)၊ ကန့်ကွက်(၁၀)၊ ကြားနေ(၁၂)မဲ ဖြစ်ပါတယ်။

ထောက်ခံမဲ များတဲ့အတွက် ဦးလှဆွေ ရဲ့ အဆိုကို အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ဒုတိယနေ့အစည်းအဝေး ရပ်နားကြောင်းနှင့် တတိယနေ့အစည်းအဝေး ဆက်လက် ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၅၂။**

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ကိုရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ကို ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက် (အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ၁၁း၅၂ နာရီ အချိန်တွင် ရပ်နားပါသည်။]